# ငြိမ်းချမ်းရေး နောက်ကွယ်မှ ငိုကြွေးသံ

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အစိုးရလက်ထက် မြန်မာနိုင်ငံ မြောက်ပိုင်းအတွင်း ဆက်လက်ဖြစ်ပေါ်နေသော တပ်မတော်၏ ထိုးစစ်ဆင်မှုများနှင့် ချိုးဖောက်မှုများ



ဓာတ်ပုံ- Kachin News Group



ဓာတ်ပုံ- Kachinland News





ကချင်အမျိုးသမီးများအစည်းအရုံး (ထိုင်းနိုင်ငံ)

# ကျေးဇူးတင်လွှာ

အစီရင်ခံစာ ထုတ်ဝေနိုင်ရန်အတွက် လိုအပ်သော သတင်းအချက်အလက်များကို သတ္တိရှိရှိ အမှန်အတိုင်းဖြေကြားပေးသူ အယောက်စီတိုင်းကို ကျေးဇူးအထူးတင်ရှိသလို၊ အခက်အခဲအမျိုးမျိုးတွေရှိနေသည့်ကြားမှ ကြိုးစားပြီး သွားရောက် သတင်းယူခဲ့ကြသည့် KWAT ကွင်းဆင်းလုပ်သားများကို အထူးကျေးဇူးတင်ရှိပါသည်။ ထို့အပြင် သတင်းအချက်အလက် ထောက်ပံ့ပေးသော KWAT မိတ်ဘက်လုပ်ဖော်ကိုင်ဖက်များ၊ သူငယ်ချင်း အပေါင်းအဖော်များကိုလည်း အထူးကျေးဇူးတင်ပါသည်။

အစီရင်ခံစာ လက်တွေ့ပေါ်ထွက်လာရေးအတွက် လိုအပ်တဲ့ နည်းပညာပိုင်းအပါအဝင်၊ တည်းဖြတ်ပေးသော Burma Relief Center နှင့် ဒီဇိုင်းနှင့်ပုံနှိပ်ပေးသော KWAT ၏ ညီမကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။

အစီရင်ခံစာ ထုတ်ဝေနိုင်ရန်အတွက် လိုအပ်သော ငွေကြေးထောက်ပံ့ပေးသော Open Society Foundation (OSF) ကိုလည်း များစွာကျေးဇူးတင်ပါသည်။

OPEN SOCIETY FOUNDATIONS

# မာတိကာ


**အစီရင်ခံစာ အကျဉ်းချုပ်** ၁

**အကြံပြုချက်များ** ၂

**အမိကမဟာဗျူဟာကျသော ဒေသများအတွင်း အရှိန်မြင့်လာသော အစိုးရစစ်တပ်၏ စစ်ရေးထိုးစစ်များ** ၄

**ထပ်မံဖြစ်ပေါ်လာသော အိုးအိမ်မဲ့ စွန့်ခွာထွက်ပြေးမှု၊ သတင်းအချက်အလက်လွဲမှားခြင်းနှင့် အကူအညီများကို ပိတ်ပင်ဟန့်တားခြင်း** ၄

**KWAT က မှတ်တမ်းတင်ထားသော အစိုးရစစ်တပ်၏ ချိုးဖောက်မှုများ (၂၀၁၅ ခုနှစ် နိုဝင်ဘာလမှ - ၂၀၁၆ ခုနှစ် အောက်တိုဘာလအထိ)** ၈

- ညှဉ်းပန်းနှိပ်စက်မှု ၈
- တရားလက်လွတ်သတ်ဖြတ်မှု / လက်စတုံး ပျောက်ဆုံးမှု ၁၀
- မတရားဖမ်းဆီးခြင်းနှင့် ချုပ်နှောင်ခြင်း ၁၀
- လုယက်မှု၊ ပိုင်ဆိုင်မှုပစ္စည်းများ ဖျက်ဆီးမှု၊ အိမ်မီးရှို့မှု ၁၁
- အရပ်သားပြည်သူများကို ပစ်မှတ်ထားခြင်းနှင့် အရပ်သားပြည်သူများ နေထိုင်ရာနေရာများအတွင်းသို့ လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်း ၁၂
- မြေမြှုပ်မိုင်းထောင်ခြင်း ၁၄

**တပ်မတော်မှ ကျူးလွန်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများအား ထိထိမိမိ တရားဥပဒေအရ အရေးယူမှုကင်းမဲ့ခြင်း** ၁၄

**တပ်မတော်၏ ချိုးဖောက်မှုများ အသေးစိတ်စာရင်း (၂၀၁၅ ခုနှစ် နိုဝင်ဘာလ - ၂၀၁၆ ခုနှစ် အောက်တိုဘာလ)** ၁၉

# အစီရင်ခံစာပြုစုရေးသားနည်း

ဤအစီရင်ခံစာသည် လူ့အခွင့်အရေးချိုးဖောက်မှုကို ကိုယ်တိုင်ကိုယ်ကျ ခံစားခဲ့ရသူများ သို့မဟုတ် မျက်မြင်ကိုယ်တွေ့ မြင်ခဲ့ရသူ ဒေသခံပြည်သူများက ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်း KWAT ကွန်ယက်၏ မှတ်တမ်းကောက်ယူသူများထံ ပြန်လည်ပြောပြသော ထွက်ဆိုချက်များကို အခြေခံရေးသားပြုစုထားခြင်း ဖြစ်သည်။

# အစီရင်ခံစာ အကျဉ်းချုပ်

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ရွေးကောက်ပွဲ ပြီးသည့်အချိန်မှစ၍ လွန်ခဲ့သည့်လအတွင်း မြန်မာနိုင်ငံ မြောက်ဖက်ပိုင်း ကချင်ပြည်နယ်အတွင်း လုံခြုံရေးနောက်ဆုံး အခြေအနေကို ဤအစီရင်ခံစာ တွင် ဖေါ်ပြထားသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဦးဆောင်သော အစိုးရသစ် အောက်တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရှေ့ဆက်တိုးနိုင်ပြီး တိုက်ခိုက်မှုများအဆုံးသတ်နိုင်မည်ဟု မျှော်လင့်ချက်များ ရှိခဲ့သော်လည်း နိုင်ငံမြောက်ဖက်ပိုင်းအတွင်း အစိုးရစစ်တပ်၏ ထိုးစစ်များ ပိုပြင်းထန်လာခဲ့သည်။ ထိုးစစ်များကြောင့် အရပ်သား ပြည်သူများအပေါ် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် အိုးအိမ်စွန့်ခွာထွက်ပြေးမှု အသစ်များ ဆက်လက်ဖြစ်ပေါ်လာနေဆဲ ဖြစ်သည်။

KWAT မှ တင်ပြချက်များကို ထောက်ရှုခြင်းဖြင့် လွန်ခဲ့သည့် နှစ်အတွင်း ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတွင် ကချင်လွတ်လပ်ရေးတပ်မတော် (KIA) အပေါ် ဆင်နွှဲနေသည့် စစ်ရေးထိုးစစ် အတိုင်းအတာကို သိရှိနိုင်မည်။ အထူးသဖြင့် သဘာဝအရင်းအမြစ်များ ပေါများသော ဖားကန့်နှင့် တနိုင်းဒေသများ တဝိုက်အပြင် တရုတ်နယ်စပ်တလျှောက် KIA စခန်းများ ဖြစ်သည်။ ယမန်နှစ်အတွင်း အစိုးရစစ်တပ် တပ်ရင်းပေါင်း ၁၀၀ ကျော်၊ အင်အား ၁၅၀၀၀ကျော်သည် KIA ထိုးစစ်တွင် ပါဝင်ခဲ့သည်။ လေကြောင်းမှ တိုက်လေယာဉ်များဖြင့် တိုက်ခိုက်မှုများပါ ပိုများလာသည်။

ထိုးစစ်များကြောင့် ဖားကန့်နှင့် မူဆယ်မြို့နယ်များတွင် လတ်တလော အိုးအိမ်စွန့်ခွာမှုများ ထပ်မံဖြစ်ပေါ်သဖြင့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်းရှိ စခန်းများတွင် ခိုလှုံနေကြသော စစ်ပြေးရှောင် အိုးအိမ်စွန့်ခွာ ပြည်သူ တစ်သိန်းကျော်အပြင် ပိုများလာသည်။ အလှူရှင်များ၏ ငွေကြေးဖြတ်တောက်မှုနှင့် အစိုးရနှင့် အစိုးရမဟုတ် ထိန်းချုပ်ရာဒေသများ အတွင်းရှိသော စခန်းများဆီသို့ လူသားချင်းစာနာသော အကူအညီများ ပေးပို့မှုအပေါ် အစိုးရမှ ကန့်သတ်ပိတ်ပင်မှုများ ထားရှိခြင်းကြောင့် အိုးအိမ်စွန့်ခွာ ပြည်သူများအတွက် ပို၍ အခက် ကြုံနေရသည်။

KWAT သည် ပဋိပက္ခဖြစ်ပွားရာဒေသများအတွင်း အစိုးရစစ်တပ်၏ အရပ်သားများအပေါ် စဉ်ဆက်မပြတ်၊ ကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်ခဲ့သော ချိုးဖောက်မှုများကို မှတ်တမ်းတင်ခဲ့သည်။ KIA နှင့်အဆက်အသွယ်ရှိသည်ဟူသော သံသယဖြင့် အမျိုးသားရွာသားများကို မတရား ဖမ်းဆီးခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းများ မကြာခဏ မြင်တွေ့ရသည်။ အနည်းဆုံး တပ်ရင်း (၉) ရင်း ပါဝင်သော မှတ်တမ်းကောက်ယူခဲ့သည့် ညှဉ်းပန်း နှိပ်စက်မှု ၂၁ မှုတွင် ရွာသားများသည် ကြိုးဖြင့်တုတ်နှောင်ခံရခြင်း၊ သေနတ်ဖြင့် ရိုက်နက် ထုရိုက်ခံရခြင်း၊ ခြေသလုံးကို ဝါးဖြင့်လှိမ့်ခြင်း၊ ဓားဖြင့်ထိုးခြင်း စသည်တို့ ကြုံတွေ့ခဲ့ရသည်။ အမျိုးသား ၆ ဦးနှင့် အမျိုးသမီး ၂ ဦး အသတ်ခံ ရခြင်း သို့မဟုတ် လက်စတုံး ပျောက်ဆုံးသွားခဲ့သည်။

ဖြစ်ရပ်တော်တော်များများတွင် အမျိုးသမီး၊ အမျိုးသားနှစ်မျိုးစလုံးပါဝင်သော ရွာသား အစုလိုက် အပြုံလိုက်ကို KIA နှင့် အဆက်အသွယ်ရှိသည်ဟူသော သံသယဖြင့် မတရားဖမ်းဆီးခြင်းများ တွေ့ရသည်။ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁၁ ရက်နေ့တွင် လက်တလောဖြစ်ပေါ်ခဲ့သော ဖြစ်စဉ်တွင် ကချင်ပြည်နယ်မြောက်ပိုင်း ပူတာအိုမှ ရွာသား ၄၉ ဦးသည် KIA ထိန်းချုပ်ဒေသ အတွင်း ဘာသာရေးခေါင်းဆောင်များ စီစဉ်သော စိုက်ပျိုးရေးသင်တန်းတက်ပြီးအပြန် အစိုးရ

စစ်တပ် စစ်ဆေးရေးဂိတ်တွင် ဖမ်းဆီးခံခဲ့ရသည်။ အမျိုးသမီး ၆ ဦး၊ အသက်အရွယ်ကြီးရင့်သူ အမျိုးသားများစွာ ပါဝင်သော ထိုအုပ်စုကို မတရားအသင်းဆက်သွယ်မှုနှင့် အရေးယူထားပြီး၊ မိုးမောက်ထောင်တွင် ထိန်းသိမ်းထားသည်။

အစိုးရစစ်တပ်သည် ရွာသားများ၏ နေအိမ်များနှင့် ပိုင်ဆိုင်မှု ပစ္စည်းဥစ္စာများကို တမင်ပစ်မှတ်ထား ကာ မီးရှို့ခြင်း၊ အရပ်သားနေထိုင်ရာနေရာများအတွင်း လက်လွတ်စပယ်ပစ်ခတ်ခြင်းများကြောင့် သေဆုံးမှုများ၊ ထိခိုက်ဒဏ်ရာရမှုများ ဖြစ်ပေါ်ခဲ့သည်။ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁ ရက်နေ့တွင် အစိုးရစစ်တပ် ခြေမြန် တပ်ရင်း ခမရ ၂၁၇ မှ စစ်သားများသည် မူဆယ်မြို့နယ်၊ ပူဝမ်ကျေးရွာအတွင်းသို့ လက်နက်ကြီးဖြင့် ခြောက်ချက် ပစ်ခတ်ခြင်းကြောင့် အသက် ၂ နှစ်အရွယ် မိန်းကလေးတစ်ဦး သေဆုံးခဲ့ရပြီး တခြားအသက် ၃ နှစ်နှင့် ၄ နှစ်အရွယ် ယောက်ျားကလေးနှစ်ဦး ပြင်းပြင်းထန်ထန် ဒဏ်ရာရခဲ့သည်။

အသစ်တဖန် ပြန်တွေ့နေရသည့် ချိုးဖောက်မှုများကြောင့် တဖန်ပြန်ဖြစ်လာသည့် စိုးရိမ်မှုများ၊ မလုံခြုံမှုများ ပိုမြင့်တက်လာခြင်းသည် အတိတ်ကာလ အစိုးရစစ်တပ်၏ ချိုးဖောက်မှုများအတွက် တရားမျှတမှုရှာဖွေရေးတွင် တိုးတက်မှုမရှိခြင်းကို ပြသနေခြင်းဖြစ်သည်။ ၂၀၁၅ ခုနှစ် ကချင်ကျောင်းဆရာမလေး နှစ်ဦးကို မုဒိမ်းကျင့် သတ်ဖြတ်ခဲ့သူများသည် လွတ်မြောက်နေဆဲဖြစ်သည်။ ၂၀၁၅ ခုနှစ် ဧပြီလတွင် အစိုးရစစ်တပ်၏ လိင်ပိုင်း ဆိုင်ရာတိုက်ခိုက်မှုခံခဲ့ရသူ အသက် ၇၃ နှစ်အရွယ် အဖွားအိုသည် တရားမျှတမှုကို မမြင်လိုက်ရပဲ ၂၀၁၆ ခုနှစ် ဇွန်လတွင် ကွယ်လွန်သွားခဲ့ပြီဖြစ်သည်။

အတိုချုပ်တင်ပြရသော် KWAT ၏ တွေ့ရှိချက်များအရ NLD အစိုးရလက်ထက် မြောက်ပိုင်းဒေသအတွင်း လုံခြုံရေးအခြေအနေ တစုံတရာတိုးတက်လာခြင်းမရှိသည်ကို ဖေါ်ညွှန်းနေသည်။ အစိုးရစစ်တပ်၏ ချိုးဖောက်မှုပုံစံနှင့် ဥပဒေအရ ကင်းလွတ်ခွင့်ရရှိနေသည့်ပုံစံသည် ယခင်အစိုးရရှိစဉ်အတိုင်း အတူတူပင် ဖြစ်သည်။ ထိုးစစ်များက ပို၍ ဆိုးလာခဲ့သည်။ NLD အစိုးရသည် ငြိမ်းချမ်းရေးတည်ဆောက်မှုကို ဦးစားပေး ဆောင်ရွက်မည်ဟု ပြောဆိုထားခြင်းကြောင့် အလွန်စိတ်ပျက်ဖွယ်အခြေအနေဖြစ်ပြီး လက်ရှိ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွက်လည်း အကျည်းတန်စေသည်။

## ထို့ကြောင့် KWAT သည် အောက်ပါ အကြံပြုချက်များကို ဖေါ်ပြအပ်ပါသည်။

### NLD ဦးဆောင်သော အစိုးရသို့

၁။ စစ်မှန်သော ဖယ်ဒရယ် ပြုပြင်ပြောင်းလဲမှုဆီသို့ ဦးတည်သော အားလုံးပါဝင်နိုင်သည့် နိုင်ငံရေးတွေ့ဆုံ ဆွေးနွေးမှုများ စတင်နိုင်ရန်အတွက် တပ်မတော်၏ ထိုးစစ်များကို ချက်ချင်းရပ်တန့်ပေးရန်။
၂။ ပဋိပက္ခဖြစ်နေသော လူမှုအသိုင်းအဝန်းဆီသို့ လူသားချင်းစာနာသော အကူအညီများပေးခြင်းအပေါ် ပိတ်ပင်ထားမှုများကို ပယ်ဖျက်ပေးရန်။
၃။ ငြိမ်းချမ်းရေးနှင့် ဖယ်ဒရယ် ပြုပြင်ပြောင်းလဲမှုများ ပေါ်ထွန်းသည့် အချိန်အထိ တိုင်းရင်းသားဒေသများ အတွင်း သယံဇာတထုတ်ယူခြင်းအားလုံးနှင့် အကြီးစားအခြေခံအဆောက်အအုံစီမံကိန်းများကို ရပ်တန့်ပေးရန်။
၄။ ကချင်ကျောင်းဆရာမ နှစ်ဦးကို မုဒိမ်းကျင့်သတ်ဖြတ်မှုကို KBC မှ စုံစမ်းနေမှုအပါအဝင် တပ်မတော်က ကျူးလွန်သော လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် သီးခြားကင်းလွတ်သော စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခွင့်ပေးရန်နှင့် ကူညီပေးရန်။
၅။ မတရားအသင်းဆက်သွယ်မှု ပုဒ်မကို ချက်ချင်းပယ်ဖျက်ပေးရန်။

## နိုင်ငံတကာအသိုင်းအဝန်းသို့

၁။ အစိုးရ စစ်တပ်နှင့်ထားရှိသော စစ်တပ် - စစ်တပ်အချင်းချင်းထိတွေ့ကာ ဆက်ဆံမှုအားလုံးကို ရပ်တန့်ရန်။

၂။ တိုင်းရင်းသားဒေသများအတွင်း တပ်မတော်၏ လက်တလောထိုးစစ်များနှင့် ချိုးဖောက်မှုများပေါ် လူသိရှင်ကြား ရှုံ့ချရန်။

၃။ ငြိမ်းချမ်းရေးနှင့် ဖယ်ဒရယ် ပြုပြင်ပြောင်းလဲမှုများ ပေါ်ထွန်းသည့်အချိန်အထိ တိုင်းရင်းသားဒေသများ အတွင်းသယံဇာတထုတ်ယူခြင်းအားလုံးနှင့် အကြီးစားအခြေခံအဆောက်အအုံစီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံမှုများကို ရပ်တန့်ပေးရန်။

၄။ အခြေအနေ လိုအပ်ပါက နယ်စပ်ဖြတ်ကျော်အကူအညီပေးခြင်းအပါအဝင် လူထုအခြေပြုအဖွဲ့အစည်း များမှတဆင့် ပဋိပက္ခဖြစ်နေသော ဒေသလူမှုအသိုင်းအဝန်းများဆီသို့ လူသားချင်းစာနာသော အကူအညီ များ လုံလောက်စွာထောက်ပံ့ပေးရန်။

၅။ ငြိမ်းချမ်းရေးအကူအညီပေးငွေများသည် ပဋိပက္ခ ဘက်ထက် အစိုးရဖက်ခြမ်းတွင်သာ ဦးစားပေး ဘက်လိုက်ခြင်းမျိုး မရှိစေရန်။

၆။ တည်တန့်နိုင်မာသော ငြိမ်းချမ်းရေးဖြေရှင်းမှု၊ မိမိဆန္ဒအလျောက်ဖြင့် ဂုဏ်သိက္ခာရှိရှိ ဘေးကင်းလုံခြုံ စိတ်ချစွာ အိမ်ပြန်နိုင်သည့်ဟု အာမခံပေးနိုင်သည့် အခြေအနေ မရောက်သေးသ၍ အိုးအိမ်စွန့်ခွာ ပြည်သူများ သို့မဟုတ် ဒုက္ခသည်များ အိမ်ပြန်မည့်အရေးကို အားပေးခြင်းမျိုး မပြုရန်။

## အစိုးရစစ်တပ်သို့

၁။ နိုင်ငံအဝှမ်းစစ်ရေးထိုးစစ်များကို ချက်ချင်းရပ်တန့်ရန်နှင့် နိုင်ငံရေးဆွေးနွေးပွဲများ စတင်နိုင်ရန် တိုင်းရင်းသားဒေသများရှိ စစ်တပ်များကို စတင်ဆုတ်ခွာပေးရန်။

၂။ ညှဉ်းပန်းနှိပ်စက်ခြင်း၊ ဥပဒေမဲ့သတ်ဖြတ်ခြင်း၊ မတရားဖမ်းဆီးခြင်းနှင့် ချုပ်နှောင်ခြင်း စသည့် ကျယ်ကျယ် ပြန့်ပြန့်ဖြစ်ပေါ်နေသော ချိုးဖောက်မှုလုပ်ဟန်များကို ရပ်တန့်ရန်နှင့် စစ်တပ်ကျူးလွန်သူများကို တရားဥပဒေ ရှေ့မှောက် ဆောင်ကျဉ်းခြင်းအပေါ် ပိတ်ပင်ဟန့်တားနေမှုများကို ရပ်တန့်ရန်။

၃။ အိုးအိမ်စွန့်ခွာပြည်သူများထံသို့ ပေးပို့သော လူသားချင်းစာနာသော အကူအညီအပေါ် ပိတ်ပင် တားမြစ်မှုများကို ရပ်တန့်ရန်။

# အဓိကမဟာဗျူဟာကျသော ဒေသများအတွင်း အရှိန်မြင့်လာသော အစိုးရစစ်တပ်၏ စစ်ရေးထိုးစစ်များ

ယမန်နှစ်အတွင်း အစိုးရစစ်တပ်သည် KIA ဒေသအနီးတဝိုက် ရှေ့တန်းစခန်းများတွင် အင်အားဖြည့်တင်းခြင်းများ ပြုလုပ်ခဲ့သည်။ မဟာဗျူဟာမြောက်နေရာများမှ KIA စခန်းများကို ဖယ်ရှားရေး ထိုးစစ်အသစ်အတွက် တပ်ရင်း ၁၀၀ ကျော်မှ အင်အား ၁၅၀၀၀ ကျော်ခန့် တပ်ချထားသည်။

လွန်ခဲ့သော နှစ်အတွင်း စစ်ရေးထိုးစစ်၏ အဓိကပစ်မှတ်တစ်ခုမှာ ဖားကန့်ဒေသဖြစ်သည်ကို (မျက်နှာချင်းဆိုင်စာမျက်နှာ) တွင် ဖော်ပြထားသော မြေပုံတွင် မြင်တွေ့နိုင်သည်။ ငွေကြေးအကျိုးအမြတ် အလွန်ရသော ကျောက်စိမ်းတွင်း ဖားကန့်ဒေသမှ KIA ကို ရှင်းထုတ်ရန်အတွက် ဖားကန့်ဒေသတွင် တပ်ရင်းပေါင်း ၂၀ ကျော် ချထားပြီး၊ မေလမှ စ၍တိုက်ပွဲများ ပြင်းပြင်းထန်ထန် ဖြစ်ပွားနေသည်။


ဇူလိုင်လတွင် ၎င်းတပ်ရင်များသည် တနိုင်းမြို့တောင်ဖက်၊ ဖားကန့် မြောက်ဖက် ရွှေမိုင်းဒေသအတွင်းရှိ KIA တပ်ဖွဲ့များကို ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သည်။ တရားမဝင်ရွှေတူးဖော်သူများကို နှိမ်နင်းသည်ဟု အကြောင်းပြကာ ၎င်းဒေသမှ KIA များကို တိုက်ထုတ်ခဲ့သည်။ ရွှေမော်တွင်းများကို ထိန်းချုပ်သည်သာမက တရုတ်နိုင်ငံက ဖွံ့ဖြိုးရေးစီမံကိန်းအတွက် အဓိက ကုန်သွယ်ရေးလမ်းမကြီးအဖြစ် မျက်စိကျနေသော လီဒိုလမ်းမဟောင်းကြီး၏ မဟာဗျူဟာကျသည့် အပိုင်းကိုပါ ထိန်းချုပ်ခဲ့သည်။

အဆိုပါ အဓိကကျသော သတ္တုတူးဖော်ခြင်း ဒေသများအပေါ် ထိန်းချုပ်ရန် အားထုတ်ခြင်းများအပြင် အစိုးရစစ်တပ်သည် တရုတ်နိုင်ငံ နယ်စပ်တလျှောက်တွင် အခြေချနေရာယူထားသော KIA စခန်းများကို ရှင်းလင်းရန် ထပ်မံအားထုတ်လာသည်။ ၂၀၁၆ ခုစ်အတွင်း ရှမ်းပြည်နယ်မြောက်ပိုင်း - တရုတ်နယ်စပ်တလျှောက်ရှိ KIA စခန်းများကို စစ်ရေးတိုက်ခိုက်မှုများ ပြုလုပ်လာခဲ့သည်။အထူးသဖြင့် ၂၁ ရာစုပင်လုံညီလာခံမတိုင်ခင် ဩဂုတ်အလယ်မှစ၍ အစိုးရစစ်တပ်သည် ကချင်-တရုတ်နယ်စပ်ရှိ KIA လိုင်ဇာဌာနချုပ်အနီးတဝိုက်နေရာများကို လက်နက်ကြီးများ၊ တိုက်ခိုက်ရေး လေယာဉ်များဖြင့်ပါ အပြင်းအထန်ထိုးစစ်ဆင်တိုက်ခိုက်ခိုက်ခဲ့သည်။

# ထပ်မံဖြစ်ပေါ်လာသော အိုးအိမ်မဲ့ စွန့်ခွာထွက်ပြေးမှု၊ သတင်းအချက်အလက်လွဲမှားခြင်းနှင့် အကူအညီများကို ပိတ်ပင်ဟန့်တားခြင်း

၂၀၁၆ ခုနှစ် အတွင်း အစိုးရစစ်တပ်၏ထိုးစစ်များကြောင့် အိုးအိမ်စွန့်ခွာထွက်ပြေးမှု အသစ်များနှင့် ကချင် IDP စခန်းသစ်များ ထပ်မံ ပေါ်ထွက်လာသည်။ ၂၀၁၆ခုနှစ် ဇူလိုင်လတွင် တနိုင်းတောင်ဖက်ထိုးစစ်များကြောင့် လူပေါင်း ၁၀၀၀ ကျော် အိုးအိမ်မဲ့ ဖြစ်ခဲ့ရသည်။ ထိုအနက် ၅၀၀ ကျော်မှာ ရွှေမော်များတွင် အလုပ်လုပ်ကိုင်နေသော ရွှေ့ပြောင်းပြည်သူများ ဖြစ်ကြပြီး ဩဂုတ်လတွင် အစိုးရက နေရပ်ရင်းသို့ ပြန်ရန် စီစဉ်ပေးခဲ့သည်။ အိုးအိမ်မဲ့ ပြည်သူ ၄၀၀ခန့်မှာ ဒေသခံရွာသာများဖြစ်ကြသည်။ လွတ်ဂျာ၊ အောင်လန်၊ ခဒါဖွပ်နှင့် ထော်ဆန်ရွာများမှ ဖြစ်ကြပြီး ၎င်းတို့ ရွာများကို အစိုးရစစ်တပ်က စောင့်ကြပ်နေခြင်းနှင့် မိုင်းများခင်းထားသောကြောင့် ၎င်းတို့ နေအိမ်သို့ မပြန်နိုင်သေးသူများ ဖြစ်ကြသည်။ အဆိုပါ အိုးအိမ်စွန့်ခွာပြည်သူများသည် ရှဒူဖွပ်ကျေးရွာတွင် ယာယီတဲများထိုး၍ နေနေကြသည်။ ၎င်းတို့ စတင်ပြေးသည့်အချိန်တွင်

## အစိုးရစစ်တပ်မှတိုက်ခိုက်မှုများ
## နိုင်ဝင်ဘာလ ၂၀၁၅ - အောက်တိုဘာလ ၂၀၁၆





*ရှူဒွပ်ကျေးရွာတွင်အသစ်တိုးလာသော စစ်ဘေးရှောင်ဒုက္ခသည်စခန်း*

အကူအညီပေးအဖွဲ့တချို့မှ အကူအညီများ လာရောက်ဝေငှသော်လည်း ၂၀၁၆ ခုနှစ် ဩဂုတ်လ မြဝတီ ရုပ်မြင်သံကြားမှတဆင့် အစိုးရစစ်တပ်က အိုးအိမ်စွန့်ခွာထွက်ပြေးသူများသည် ၎င်းတို့ နေရပ်ရင်းအိမ်သို့ပြန်သွားကြပြီးဖြစ်သည်ဟု ကြေငြာခဲ့သည်။ ထိုအချိန်မှစ၍ မည်သည့်အကူအညီပေးရေးအဖွဲ့မှ ထိုဒေသသို့ လာရောက်ခြင်းမရှိတော့ပေ။

၂၀၁၆ ခုနှစ် မေလတွင် အစိုးရစစ်တပ်မှ အိမ်များ မီးရှို့ခဲ့ခြင်းကြောင့် မူဆယ်မြို့နယ်၊ မုံးကိုးဒေသ တရုတ်နိုင်ငံနယ်စပ်တွင် ယာယီတဲများဖြင့် IDP ၁၀၀ ကျော် ပုန်းအောင်း နေကြသည်။ ၂၀၁၆ ခုနှစ် ဇူလိုင်လတွင် မန်တုံမြို့နယ် မိုင်းမော်ဒေသမှ လီဆူပြည်သူ ၂၀၀ ကျော် အိုးအိမ်မဲ့ ဖြစ်ခဲ့ရသည်။ နမ့်တူမြို့၊ နမ်လာကျေးရွာ ဘုရားရှိခိုးကျောင်းတွင် ခိုအောင်းနေကြသည်။


ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် စခန်းများတွင် ပုန်းအောင်နေထိုင်နေကြသော အိုးအိမ်စွန့်ခွာပြည်သူပေါင်း တစ်သိန်းကျော်သည် အိမ်သို့ မပြန်နိုင်သေးသည့်အပြင် အကူအညီပေးရေး အေဂျင်စီများမှ အကူအညီဖြတ်တောက်မှုများဖြင့်ပါ ရင်ဆိုင်နေရသည်။ အစိုးရ နှင့် အစိုးရမဟုတ်သော သူများ ထိန်းချုပ်ရာဒေသ နှစ်ခုစလုံးသို့ လူသားချင်းစာနာသော အကူအညီများ ပို့ဆောင်ရေးအပေါ် အစိုးရနှင့် စစ်တပ် အာဏာပိုင်များက ကန့်သတ်ပိတ်ပင်မှုများ ချမှတ်ထားသည်။ ဥပမာ တရုတ်-မြန်မာနယ်စပ် နမ်ခမ်းမြို့ အနောက်ဖက် အစိုးရထိန်းချုပ်ရာဒေသအတွင်းရှိ မန်ဝင်းကြီးဒေသရှိ IDP စခန်းများအတွင်းသို့ အကူအညီ ပေးမှုများကို အစိုးရစစ်တပ်က တားမြစ်ပိတ်ပင်ခဲ့သည်။ ယခုနှစ် ဩဂုတ်လမှစ၍ ထိုစခန်းအတွင်းလူပေါင်း ၄၅၀၀ ကျော် ခိုအောင်းနေသည်။





*မူဆယ်တွင် အသစ်တိုးလာသောစစ်ဘေးရှောင်ဒုက္ခသည်စခန်း*

# ကချင်ပြည်နယ်နှင့်ရှမ်းပြည်မြောက်ပိုင်းအစိုးရစစ်တပ်မှလူ့အခွင့်အရေးချိုးဖောက်မှုပြမြေပုံ
# (နိုဝင်ဘာ လ ၂၀၁၅- အောက်တိုဘာလ ၂၀၁၆)



# KWAT က မှတ်တမ်းတင်ထားသော အစိုးရစစ်တပ်၏ ချိုးဖောက်မှုများ

## (၂၀၁၅ ခုနှစ် နိုဝင်ဘာလမှ - ၂၀၁၆ ခုနှစ် အောက်တိုဘာလအထိ)

## ညှဉ်းပန်းနှိပ်စက်မှု

၂၀၁၅ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၆ ခုနှစ်အောက်တိုဘာလအထိ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း အတွင်းရှိ ၆ မြို့နယ်တွင် ၁၆ နှစ် လူငယ်တစ်ဦးအပါအဝင် လူဦးရေပေါင်း ၂၁ ဦး ညှဉ်းပန်းနှိပ်စက်မှုများကို KWAT က မှတ်တမ်းတင်ခဲ့သည်။

ညှဉ်းပန်းနှိပ်စက်မှုများ ကျူးလွန်ခဲ့ကြသည့် တပ်ဖွဲ့များမှာ တပ်မ ၆၆၊ ၈၈၊၉၉ ၊တပ်ရင်း အမှတ် ၂၁၇၊ ၄၂၄၊ ၄၂၆၊ ၄၂၇၊ ဒကစ ၇ နှင့် ၃ အပြင် ဒေသခံအစိုးရ ပြည်သူ့စစ် တပ်ဖွဲ့များမှ ဖြစ်ကြသည်။

ညှဉ်းပန်းနှိပ်စက်ခံရသူ အများစုမှာ လက်နက်ကိုင်တော်လှန်ရေးအဖွဲ့ဝင်များဖြစ်သည်ဟု စွတ်စွဲခံရသူများ ဖြစ်သည်။ အသက် ၁၆ နှစ်အရွယ် လူငယ်တစ်ဦးသည် KIA စစ်သား၏ သားဖြစ်သည်ဟု စွတ်စွဲ ခံရသည်။ တချို့သူများသည် ၎င်းတို့နေအိမ်တွင် အဖမ်းခံရပြီး တချို့မှာ စိုက်ခင်းသို့အသွား သို့မဟုတ် အပြန်လမ်းတွင် သော်လည်းကောင်း အစားအစာရှာ၊ ထင်းခွေခပ်သည့် အချိန်တွင်သော်လည်းကောင်း၊ အိမ်နှင့် စိုက်ခင်း အကြား အစိုးရစစ်တပ်ချထားသော စစ်ကြောရေးဂိတ်တွင်သော်လည်းကောင်း အဖမ်းခံရသည်။

ဖြစ်စဉ်အများစုတွင် ကျူးလွန်ခံရသူများသည် အဖမ်းခံရသည်နှင့်တပြိုင်နက် ထုရိုက်ခံရခြင်း သို့မဟုတ် ကန်ကြောက်ခံရသည်။ ထို့နောက် တပ်စခန်း သို့မဟုတ် တပ်ကုန်းသို့ ခေါ်ဆောင်သွားခံရပြီး၊ ထပ်မံ စစ်ဆေးမေးမြန်း ညှဉ်းပန်းနှိပ်စက်ခံရပြန်သည်။ ပုံမှန်အားဖြင့် ညှဉ်းပန်းနှိပ်စက်သည့်အချိန်တွင် ကျူးလွန်ခံရသူများသည် မျက်နှာကို အဝတ်ဖြင့် စည်းနှောင်ထားခြင်း၊ ကြိုးတုတ်ထားခြင်း ခံရသည်။ ညှဉ်းပန်းနှိပ်စက်သည့် ပုံစံများတွင် ဦးခေါင်းနှင့် ကိုယ်ခန္ဓာကို သေနတ်ဖြင့် ထုခြင်း၊ ခြေသလုံးပေါ်တွင် ဝါးဖြင့် လှိမ့်ခြင်း၊ ဓားဖြင့် ထိုးခြင်း စသည်တို့ ပါဝင်သည်။

**အောက်ဖော်ပြပါ ထွက်ဆိုချက်တွင် မြောက်ပိုင်းရှမ်းပြည်နယ် မူဆယ်မြို့နယ် မိုင်းဘော်မှ အသက် ၅၀ အရွယ် လယ်သမားတစ်ဦးသည် တပ်မ၉၉ မှ စစ်သားများ ညှဉ်းပန်းနှိပ်စက်ခဲ့ပုံကို ယခုကဲ့သို့ ထွက်ဆိုထားသည်။**



*ရွာသား၏ခြေသလုံးမှာဝါးဖြင့်လှိမ့်ပေးသော အမာရွတ်*

*၂၀၁၆ ခုနှစ် ဧပြီလ ၂၁ ရက်နေ့မှာ ကျနော့် ဇနီးရယ်၊ ကျနော်ရယ်၊ ကျနော့်ကလေးရယ် အမျိုးသမီးဖက်က အမျိုးတွေကို လက်ဆောင်ပေးဖို့မုံးကိုးရပ်ကွပ် ၇ ကို မော်တော်ဆိုင်ကယ်နဲ့သွားခဲ့ကြတယ်။ နောက်တစ်နေ့ ကျတော့ ကျနော့်ယောက်ဖတော်သူက ကျနော့်ကို သူစိုက်ခင်းထဲ ခေါ်သွားတယ်။ အိမ်ပြန်လာတော့ ညနေစောင်း ၅ နာရီ လောက်ရှိပြီ။ ရပ်ကွက် ၇ ထဲမှာ စခန်းချထားတဲ့ တပ်မ ၉၉ က စစ်သား ၃ ယောက် ကျနော်တို့ကို ရပ်ဖို့လှမ်းအော်တယ်။*

ကျနော်တို့လည်း ဘာမှအများလုပ်တာမရှိတော့ ရပ်လိုက်ကြတယ်။ စစ်သားသုံးယောက်က ကျနော်တို့ကို စခန်းကိုလိုက်ခဲ့ဖို့ အမိန့်ပေးတယ်။ စခန်းကို ရောက်တာနဲ့ တပ်မှူးနှင့် တခြား စစ်သားတစ်ဦးက ရပ်ကွက် ၇ က သူကြီးကိုခေါ်ပြီး ကျနော်တို့ နှစ်ယောက်ကို သိမသိမေးတယ်။ သူကြီး ကျနော့်ယောက်ဖကိုတော့ သိတယ်။ ကျနော့်ကိုတော့ မသိဘူးလို့ ပြန်ဖြေတယ်။

အဲဒီနောက် ကျနော်တို့ မျက်စိကို အဝတ်နဲ့ စည်းလိုက်ပြီး ဦးခေါင်းကို အိတ်နဲ့ စွပ်လိုက်တယ်။ ကျနော်တို့ကို နိုင်လွန်ကြိုးနဲ့ချည်ထားပြီး မျက်နှာကို သေနတ်ဖြင့် ရိုက်တယ်။ "မင်းတို့ဘယ်ကလဲ" "မင်းတို့ ရှမ်းလား၊ တအောင်းလား"။ "မင်းတို့ ဘယ်အဖွဲ့ကလဲ။" ဆိုပြီးမေးပါတယ်။ ကျနော်တို့က ကချင်တွေပါ၊ မုံးကိုး ရပ်ကွက် ၇ မှာ နေပါတယ်လို့ ပြန်ဖြေတယ်။ စစ်ကြောရေးလုပ်ရင်း မျက်နှာ၊ ရင်ဘတ်၊ ဦးခေါင်းနှင့် ခန္ဓာကိုယ်ကို သေနတ်ဖြင့် ထုရိုက်ပါတယ်။ ကျနော်တို့ နည်းနည်းလေးတောင် မလှုပ်ရဲပါဘူး။ လှုပ်တာနဲ့ ကန်တာပါပဲ။ ခြေသလုံး ယောင်ကိုင်းလာတဲ့အထိ ခြေသလုံးပေါ်ကို ဝါးလုံးနဲ့ လှိမ့်ပါတယ်။ စစ်တပ်ရုံးရှေ့တည့်တည့်မှာ တညလုံး ချုပ်ထားပါတယ်။ မျက်နှာတွေကို ရိုက်ပါတယ်။ ကျွန်နော့်မှာရှိတဲ့ ယွမ် ၁၀၀ နှင့် ကျပ်ငွေ ၂ ထောင်သူတို့ ယူသွားပါတယ်။ အစားအစာလည်း မကျွေးပါဘူး။ ရေလည်း မတိုက်ပါဘူး။ တညလုံး ကြိုးနှင့် ချည်ထားပြီး နှိပ်စက်ပါတယ်။ ကျနော်တို့ ကြိုးချည်ထားတဲ့နေရာကို တခါတလေ သူတို့လာပြီး ရေဖြန်းပါတယ်။

ကျနော့်တကိုယ်လုံး နာကျင်နေပါတယ်။ လူလည်း အရမ်းပင်ပန်းလာပြီး အားနည်းလာတယ်။ တညလုံး မိုးလင်းပေါက် နှိပ်စက်ခံရပါတယ်။ ကိုယ့်ကိုကိုယ် အသက်ဆက်ရှင်နေတယ်ဆိုတာတောင် မယုံကြည်နိုင်ပါဘူး။ ကျနော့်မိသားစု မသိပဲ ကျနော်သေတော့မယ်လို့ ထင်ခဲ့ပါတယ်။ အဲဒီအချိန်မှာ ကျနော်ဘာမှ မလုပ်နိုင်ပါဘူး။

တညလုံးညှဉ်းပန်းနှိပ်စက်ပြီးတဲ့နောက် ၂၀၁၆ ခုနှစ် ဧပြီလ ၂၃ ရက်နေ့ မနက်ခင်း ၁၀ နာရီ လောက်ကြတော့ စစ်သားတစ်ယောက်က ဆိုင်ကယ်နှင့်ဖြတ်မောင်းသွားတဲ့ လူငယ်တစ်ဦးကို လှမ်းခေါ်လိုက်တယ်။ ကျနော်တို့ကို ချည်ထားတဲ့ ကြိုးတွေအားလုံးဖြည်ပေးလိုက်ပြီး အိမ်ပြန်လို့ ရပြီလို့ ပြောတယ်။ ပြီးတော့ အဲဒီလူငယ်လေးကို ကျနော်တို့ကို အိမ်ပြန်ခေါ်သွားဖို့ ပြောတယ်။ အိမ်ပြန်ရောက်တာနှင့် ဆေးခန်းသွားပြီး ၃ ရက်လောက် ဆေးကုသမှု ခံယူခဲ့ရတယ်။ ဧပြီ ၂၄ ရက်နေ့ မှာ ဘတ်စ်ကားစီးပြီး အိမ်ပြန်ခဲ့တယ်။ အိမ်ပြန်ရောက်တဲ့အချိန်ကြတော့ ကလေးတွေက ကျနော့်ကို ကြောက်ကြတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ကျနော့်မျက်နှာတစ်ခုလုံး ရောင်ယမ်းနေလို့ပဲ။ ဘယ်သူမှ ကျနော့်နားကို မလာရဲကြဘူး။ အိမ်အပြင်မှာပဲ သူတို့ ငိုနေကြတယ်။

ဖြစ်တာ တစ်လကျော်ပါပြီ၊ ဒါပေမယ့် ဒဏ်ရာတွေကို အခုထိ ခံစားနေရတုန်းပါ။ ကျနော့်ကိုယ်ခန္ဓာလည်း နာကျင်နေဆဲပါ။ တခါတလေ နှာခေါင်းကနေ သွေးထွက်ပါတယ်။ လည်ချောင်းကနေ သွေးထွက်ပါတယ်။ ခြေထောက်တွေလည်း နာနေတုန်းပါပဲ။ ချောင်းဆိုးတိုင်း သွေးပါပါတယ်။ မိသားစုက စိုက်ခင်းထဲမှာပဲ အသက်မွေးဝမ်းကြောင်းပြုရတာပါ။ ကျနော်အလုပ်မလုပ်နိုင်တော့ မိသားစုကိုလည်း မကူညီနိုင်ဖြစ်နေပါတယ်။ ကျနော်တို့ မိသားစု အခြေအနေက ပိုခက်ခဲလာပါတယ်။

အလားတူ ညှဉ်းပန်းနှိပ်စက်ခြင်းမျိုးကို တခြားတပ်ရင်းများကလည်း အသုံးပြုသည်။ ညှဉ်းပန်းနှိပ်စက်ခြင်းများကို အစိုးရတပ်စခန်းများတွင် ပြုလုပ်လေ့ရှိသည်ကို ကြည့်ခြင်းအားဖြင့် ညှဉ်းပန်းနှိပ်စက်ခြင်းသည် အစိုးရစစ်တပ်က ပုံမှန်အသုံးပြုသော တရားခွင့်ပြုထားသည့် ပုံစံဖြစ်နေသည်ကို ညွှန်ပြနေသည်။

# တရားလက်လွတ်သတ်ဖြတ်မှု / လက်စတုံး ပျောက်ဆုံးမှု

၂၀၁၅ ခုနှစ် ဒီဇင်ဘာမှ ၂၀၁၆ ခုနှစ် ဩဂုတ်အတွင်း KWAT သည် အမျိုးသမီး ၂ ဦး နှင့် အမျိုးသား ၆ ဦး အပေါ် တရားလက်လွတ်သတ်ဖြတ်ခြင်း၊ လက်စတုံးပျောက်ဆုံးခြင်း အဖြစ်အပျက် ၇ ခုကို မှတ်တမ်း တင်ခဲ့သည်။ ထိုအဖြစ်အပျက်တွင် အစိုးရစစ်တပ် ခလရ ၃၈၁၊ ခလရ ၆၀၂၊ ခလရ ၇၂၇၊ ခလရ ၂၉၇ နှင့် ခလရ ၄၁၇ များ ပါဝင်ပတ်သက်ရှိသည်ဟူသော အခိုင်အမာ ပြောဆိုချက် သို့မဟုတ် သံသယများ ရှိခဲ့သည်။ ထိုအဖြစ်အပျက် ၇ ခုစလုံးသည် ကချင်ပြည်နယ်အတွင်း မြို့နယ် ၅ ခုတွင် ဖြစ်ပွားခဲ့ပြီး ဖြစ်ရပ် ၂ခုသည် ရှမ်းပြည်နယ်မြောက်ဖက်ပိုင်း မူဆယ်မြို့နယ်တွင် ဖြစ်ပွားခဲ့သည်။

ကျူးလွန်ခံရသူများအနက် တစ်ဦးဖြစ်သော အသက် ၄၇ နှစ်အရွယ် ကချင်ပြည်သူ့စစ်အဖွဲ့ဝင် (ယူနီဖောင်း မပါ) သည် မိုးညှင်းမြို့နယ်အတွင်းရှိ ကျေးရွာတစ်ရွာအနီးတွင် အသက်သေဆုံးသည်အထိ ညှဉ်းပန်းနှိပ်စက် ခံခဲ့ရသည်။ သွားများမရှိတော့သော သူ၏ ရုပ်အလောင်းကို သစ်ပင်တစ်ပင်အောက်တွင် သူ၏ ဇနီးဖြစ်သူက ရှာဖွေတွေ့ရှိခဲ့သည်။

ဝိုင်းမော်တွင် အသက် ၅၁ နှစ်အရွယ် နွားကုန်သည်အမျိုးသမီးသည် လမ်းဖြတ်အကူးတွင် ခလရ ၃၈၁ က သေနတ်ဖြင့် ပစ်သတ်ခံခဲ့ရသည်ကို တခြားသူများက မျက်မြင်ကိုယ်တွေ့ မြင်ခဲ့ကြသည်။ မိသားစုဝင်များက သူမ ရုပ်အလောင်းကို ပြန်ယူဖို့ သွားသည့်အခါတွင် အစိုးရ စစ်တပ်က သူမကို KIA ဟု ထင်သောကြောင့် ပစ်သတ်ခဲ့သည်ဟုဝန်ခံခဲ့ကြသည်။ မိသားစုသို့ လျော်ကြေး ၃ သိန်း (အမေရိကန်ဒေါ်လာ ၂၃၀) ပေးသော်လည်း သူမ ရုပ်အလောင်းကို မိသားစုထံ ပြန်မပေးခဲ့ပေ။

၂၀၁၆ ခုနှစ် မေလတွင် မန်ဆီမြို့နယ်မှ အသက် ၂၅ နှစ်အရွယ် အမျိုးသမီးတစ်ဦးသည် မန်းဝင်းကြီး IDP စခန်းသို့ သူမ၏ ချစ်သူနှင့် တခြား လူ ၅ ဦး ဆိုင်ကယ်ဖြင့်သွားစဉ် ပျောက်ဆုံးသွားခဲ့သည်။ လမ်းပေါ်တွင် ခလရ ၆၀၂ မှ စစ်သားများက သူမကို ဖမ်းဆီးသည်ကို မြင်တွေ့ခဲ့သည်။ ထိုအချိန်မှစ၍ သူမကို ပြန်မမြင် ရတော့ပေ။

# မတရားဖမ်းဆီးခြင်းနှင့် ချုပ်နှောင်ခြင်း

လွန်ခဲ့သော နှစ်အတွင်း အစိုးရစစ်တပ်က ကချင်ဒေသအတွင်း အရပ်သားပြည်သူ ၂၀၀ နီးပါးခန့်ကို မတရားဖမ်းဆီး၊ ချုပ်နှောင်ခဲ့သည့် ဖြစ်စဉ် ၂၅ ခုကို KWAT က မှတ်တမ်းတင်ခဲ့သည်။ ဖြစ်ရပ် ၅ ခုတွင် လူပေါင်း ၂၀ ကျော် အစုလိုက်အပြုံလိုက် ထိန်းသိမ်းခံရသည်။




*ပူတာအိုရွာသားများကို အကျဉ်းချခြင်း*

၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ဖြစ်ပွားခဲ့သော ဖြစ်စဉ်တစ်ခုတွင် အမျိုးသား၊ အမျိုးသမီးစုစုပေါင်း ၄၃ ဦးသည် ၎င်းတို့ရွာအတွင်းရှိ ကက်သလစ်ဘုရားကျောင်းတွင် ခလရ ၁၁ မှ စစ်သား ၉၀ ၏ ထိန်းသိမ်းခြင်း ခံခဲ့ရသည်။ ရွာသားအများစုကို လွှတ်ပေးခဲ့သော်လည်း ၅ ဦးကို တပ်ရင်း အမှတ် ၅၆၇ စခန်းသို့ ခေါ်ဆောင် သွားခဲ့သည်။ ၎င်းတို့ကို KIA နှင့်အဆက်အသွယ်ရှိသည်ဟု စွတ်စွဲပြီး တလကျော်ကြာ ထိန်းသိမ်းထားခဲ့သည်။ တစ်ယောက်ကို ဖေဖော်ဝါရီလတွင် လွှတ်ပေးခဲ့သော်လည်း တခြား ၄ ဦးကို မတ်လ ၁ ရက်နေ့တွင် သိန္နီရဲစခန်းသို့ လွှဲပြောင်းပေးခဲ့သည်။ ၎င်းတို့သည် ယနေ့ထိ ထိန်းသိမ်းခံနေရဆဲဖြစ်သည်။

၂၀၁၆ ခုနှစ် မတ်လ ၁၆ ရက်နေ့တွင် ဖြစ်ပွားခဲ့သော အဖြစ်အပျက်တစ်ခုတွင် မိုင်ဂျီမြို့ မန်ဂျီရပ်ကွက်မှ ရွာသား ၂၄ ဦးသည် ၎င်းတို့နေအိမ်တွင်ပင် ခလရ ၄ မှ စစ်သားများ ဖမ်းဆီးခြင်းခံခဲ့ရပြီး ရွာတွင်းရှိ ဘုန်းကြီး ကျောင်းသို့ ခေါ်ဆောင်သွားခံခဲ့ရသည်။ ထို့နောက် ၎င်းတို့ကို ညှဉ်းပန်းနှိပ်စက်ပြီး KIA စစ်သားများဖြစ်ကြောင်း ဝန်ခံခိုင်းခဲ့သည်။ သူတို့ကို လေးည သုံးရက် ထိန်းသိမ်းပြီးမှ ပြန်လွှတ်ပေးခဲ့သည်။ အစားအစာ သို့မဟုတ် ရေတိုက်ကျွေးခြင်းလည်း မရှိခဲ့ပေ။ ဖမ်းဆီးခံခဲ့ရသူများအနက် အသက် ၁၂ နှစ်နှင့် ၁၄ နှစ်အရွယ် ယောက်ျားလေး နှစ်ဦး ပါဝင်သည်။

၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁၁ ရက်နေ့တွင် ကချင်ပြည်နယ်မြောက်ပိုင်း ပူတာအိုမှ ရွာသား ၄၉ ဦးသည် KIA ဒေသအတွင်း ဘာသာရေးခေါင်းဆောင်များ စီစဉ်သော စိုက်ပျိုးရေးသင်တန်းတက်ရောက်ပြီး အပြန် အစိုးရစစ်တပ် စစ်ဆေးရေးဂိတ်တွင် အဖမ်းခံခဲ့ရသည်။ ထိုအုပ်စုတွင် အမျိုးသမီး ၆ ဦးနှင့် အသက် အရွယ်ကြီးရင့်သူ အမျိုးသားများစွာ ပါဝင်သည်။ ၎င်းတို့ကို မတရားအသင်းဆက်သွယ်မှုဖြင့် တရားစွဲဆိုထားပြီး မိုးမောက်ထောင်တွင် ထိန်းသိမ်းထားသည်။

## လုယက်မှု၊ ပိုင်ဆိုင်မှုပစ္စည်းများ ဖျက်ဆီးမှု၊ အိမ်မီးရှို့မှု

KWAT သည် အစိုးရ စစ်တပ်နှင့် ပြည်သူ့စစ်များ ကြီးကြီးမားမား လုယက်၊ ဖျက်ဆီးခဲ့သည့် ဖြစ်စဉ်များကို မှတ်တမ်းတင်ခဲ့သည်။ ၂၀၁၆ ခုနှစ် ဇူလိုင်လ ၃၀ ရက်နေ့တွင် ဖားကန့်မြို့နယ် လွတ်ဂျာကျေးရွာမှ မိသားစု ၆၀ ခန့်သည် အစိုးရစစ်တပ်၏ တိုက်ခိုက်မှုကြောင့် ၎င်းတို့ အိုးအိမ်များကို စွန့်ခွာထွက်ပြေးသည့် နောက်ပိုင်းတွင် ခမရ ၂၉ သည် ၎င်းတို့ရွာတွင် တပ်စွဲထားခဲ့ပြီး အိမ်အများစုရှိ ပစ္စည်းဥစ္စာများကို လုယူဖျက်ဆီး ခဲ့ကြသည်။ အိမ်သွပ်မိုးများကိုပင် ဖြတ်ယူခဲ့ကြသည်။

အစိုးရစစ်တပ်သည် အရပ်သားပြည်သူများ၏ နေအိမ်များကို ရည်ရွယ်ချက်ဖြင့် မီးရှို့ခဲ့သည်။ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်နေ့တွင် အစိုးရ စစ်တပ် တပ်မ ၉၉ နှင့် ခလရ ၂၉၀ တို့သည် ရှမ်းပြည်နယ်မြောက်ပိုင်း



*အစိုးရစစ်တပ်ပြည်သူ့စစ်မှ နမ့်ယာကျေးရွာရှိအိမ်များကို မီးလောင်ဖျက်စီးခြင်း*



*အစိုးရစစ်တပ်မှ မန်ပိန်းကျေးရွာရှိအိမ် ၂အိမ်ကို မီးလောက်ဖျက်စီး*

တာမိုးညဲဒေသ၊ ဟူဘုံးကျေးရွာကို တိုက်ခိုက်ပြီးနောက် အိမ်ခြေ ၁၂ လုံးကို မီးရှို့ဖျက်ဆီးခဲ့သည်။ ၂၀၁၆ ခုနှစ် မေလ ၂၂ ရက်နှင့် ၂၃ ရက်နေ့များတွင် အစိုးရ စစ်တပ်နှင့် ပြည်သူ့စစ်များသည် ရှမ်းပြည်နယ်မြောက်ပိုင်း မုံးကိုးဒေသ တရုတ်နိုင်ငံ နယ်စပ်အနီး မိုင်းပင်ကျေးရွာရှိ အိမ်နှစ်လုံးကို မီးရှို့ဖျက်ဆီးခဲ့သည်။ ၂၀၁၆ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့တွင် ဒေသခံအစိုးရ လက်အောက်ခံ ပြည်သူ့စစ်များသည် ကချင်ပြည်နယ် ဖားကန့်မြို့နယ်၊ နမ်ယာကျေးရွာတွင် အိမ်နှစ်လုံးကို မီးရှို့ဖျက်ဆီးခဲ့သည်။

## အရပ်သားပြည်သူများကို ပစ်မှတ်ထားခြင်းနှင့် အရပ်သားပြည်သူများ နေထိုင်ရာနေရာများ အတွင်းသို့ လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်း

အစိုးရ စစ်တပ်၏ ထိုးစစ်များအတွင်း လက်လွတ်စပယ်ပစ်ခတ်ခြင်းနှင့် အရပ်သားပြည်သူများနေထိုင်ရာ နေရာအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းများ ရှိနေသည်။ ၂၀၁၆ ခုနှစ် မေလ ၅ ရက်နေ့တွင် ဖားကန့်အခြေစိုက် အစိုးရစစ်တပ်သည် ဘုန်းကြီးကျောင်းအတွင်းမှ လူဦးရေ ၃၀၀ ခန့် နေထိုင်သော နမ်ယာ ကျေးရွာအတွင်းသို့ လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သည်။ လက်နက်ကြီးကျည်သည် အိမ် ၂ လုံးအနီးပေါက်ကွဲခဲ့ သဖြင့် ခြံဝင်းအတွင်းရှိ ဝက်များသေဆုံးခဲ့သည်။ ကံကောင်းထောက်မစွာ အရပ်သားပြည်သူ တဦးတယောက်မှ ထိခိုက်ဒဏ်ရာ မရခဲ့ပေ။

၂၀၁၆ ခုနှစ် စက်တင်ဘာလ ၂၅ နေ့ နံနက် ၅း၃၀ နာရီ ရတွင် အစိုးရစစ်တပ်ထောင်ပေါ်စခန်းမှ ၈၁ မမ သုံးလုံး ပစ်ခတ်ရာ လိုင်ဇာအပြင်မြောက်ဖက် ဝေကြိုင် IDP စခန်း မုနလိုင်ခက်ရပ်ကွက် အနီးသို့ ကျသည်။ စခန်း အတွင်းရှိ စာသင်ကျောင်း၊ ကလေးထိန်းဌာန၊ ဘုရားရှိခိုးကျောင်းတို့နှင့် အလွန်နီးသည်။ ထို IDP စခန်းတွင် အိုးအိမ်စွန့်ခွာပြည်သူပေါင်း ၅၃၀၀ ကျော်နေထိုင်ပြီး အများစုမှာ လက်နက်ကြီးကျည်ကျပြီးနောက် ကြောက်ရွံ့ စွန့်ခွာထွက်ပြေးကြကုန်သည်။

၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့ နံနက် ၆ နာရီတွင် ခမရ ၂၁၇ (တပ်မ ၉၉ လက်အောက်ခံ) သည် ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်မြို့နယ်၊ ဖောင်းဆိုင်းကျေးရွာစု၊ တရုတ်နယ်စပ်အနီး ပူဝမ်ကျေးရွာသို့ လက်နက် ကြီးဖြင့် ခြောက်ချက် ပစ်ခတ်ခဲ့သည်။ ရွာထဲသို့ လက်နက်ကြီးတစ်လုံး တိုက်ရိုက်ကျသဖြင့် အပြင်တွင် ကစားနေသော ကလေးသုံးဦး အပြင်းအထန် ဒဏ်ရာရခဲ့သည်။ ကလေးများကို တရုတ်နိုင်ငံ ဆေးရုံသို့ အားချင်းပို့ဆောင်ခဲ့သော်လည်း အသက် ၂ နှစ်အရွယ် မိန်းကလေးသည် ဆေးရုံအသွားလမ်းတွင်ပင် သေဆုံးခဲ့သည်။ တခြား ကလေးငယ်နှစ်ဦးဖြစ်သော အသက် ၃ နှစ်နှင့် ၄ နှစ်အရွယ် ယောက်ကျ်ားကလေး ၂ ဦးသည် ဆေးကုသမှု ဆက်လက်ခံယူနေဆဲဖြစ်သည်။ (ဖြစ်စဉ်အသေးစိတ်ကို အောက်ပါပုံတွင်ရှု။)

၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁၉ ရက်နေ့တွင် ဝိုင်းမော်မြို့နယ်၊ ရွှေညောင်ပင်အနီးတွင် အစိုးရ စစ်တပ်နှင့် KIA အကြား တိုက်ပွဲဖြစ်ပွားခဲ့ရာ အစိုးရ စစ်တပ်က ဘရီဘရာကျေးရွာအတွင်းသို့ လက်လွတ်စပယ် ပစ်ခတ်ခဲ့သည်။ ပစ်ခတ်စဉ်တွင် အိမ်ထဲ ရှိနေသော အသက် ၇၂ အရွယ် အဖိုးအို ရင်ဘတ်နှင့် လည်ပင်းတွင် သေနတ်ထိမှန်သဖြင့် ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည်။ ၁၅ မိနစ်ကြာသည့်အခါတွင် အစိုးရစစ်သားများ ရွာထဲဝင်ရောက်လာပြီး အဖိုးအိုကို ဆေးရုံသို့ ခေါ်သွားခဲ့သည်။ ယခုအချိန်အထိ စိုးရိမ်ရသည့် အခြေအနေတွင် ရှိနေသေးသည်။

## အစိုးရစစ်တပ်၏ လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့်  အသက် ၂ နှစ်အရွယ် မိန်းကလေး တစ်ဦး သေဆုံးပြီး၊ ယောက်ျားကလေးနှစ်ဦး ဒဏ်ရာရရှိ။




*လေးနှစ်သားဘောမ်လန်း ဝမ်းဗိုက်တွင်လက်နက်ထိမှန်*

၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့ မနက်ခင်းတွင် ပူဝမ် ကျေးရွာမှ မိသားစုများ မနက်စာပြင်ဆင်နေခိုက် ကလေးငယ်သုံးဦး (ဘောမ်လန်းဟုခေါ်သော ၄ နှစ်အရွယ် ယောက်ျားကလေး၊ တိန့်ကျန်းဟု အမည်ရသော ၃ နှစ်အရွယ် ယောက်ျားကလေး တစ်ဦးနှင့် ဇုန်းမျှော် အမည်ရသော အသက် ၂ နှစ်အရွယ် မိန်းကလေး တစ်ဦး) သည် ခြံဝန်းအတွင်း ကစားနေကြသည်။

ရုတ်ချည်းဆိုသလို ကျေးရွာတဝိုက် လက်နက်ကြီးကျည် ကျရောက် ပေါက်ကွဲခဲ့သည်။ ကလေးများ ကစားရာနေရာနှင့် မလှမ်းမကမ်းသို့ လက်နက်ကြီးကျည်တစ်လုံး ကျရောက်ပေါက်ကွဲခဲ့သဖြင့် ကလေး သုံးဦးစလုံး လက်နက်ကြီးစများ ထိမှန်ခဲ့သည်။ ဘွမ်လန်၏ ဝမ်းဗိုက်တွင် ထိမှန်ခဲ့သဖြင့် အူများ ထွက်လာသည်။ တန်ကျန်၏ ဒူးတွင် ထိမှန် သည်။ ဇုန်းမျှော်သည် လည်ပင်းနီးနီး ပခုံးတွင် ဒဏ်ရာရခဲ့သည်။ တရုတ်နိုင်ငံအတွင်းရှိ ရှောင်ကိုင်ဆေးရုံးသို့ ကလေးများကို ပို့ဆောင် ခဲ့သည်။ ဇုန်းမျှော်နှင့် ဘောမ်လန်းတို့နှစ်ဦးကို မန်ရှီ ဆေးရုံသို့ ချက်ချင်းလွှဲပေးခဲ့သည့်။ ကားဖြင့် ၂ နာရီကြာသွားရသည့်ခရီးဖြစ်သည်။ ကံမကောင်းစွာပင် အသက် ၂ နှစ် အရွယ် ဇုန်းမျှော်သည် မန်ရှီဆေးရုံသို့အသွား ဒဏ်ရာပြင်းလွန်းသဖြင့် အသက်ဆုံးရှုံးခဲ့သည်။

တရုတ်ကားဆရာက အသက်မရှိတော့သော ဇုန်းမျှော်၏ ရုပ်အလောင်းကို ဆက်လက်မသယ်ဆောင် လိုသောကြောင့် သူမ မိဘများသည် ကလေးငယ်၏ ရုပ်အလောင်းကို နယ်စပ်ဖြတ်ကျော်၍ အိမ်သို့ရောက်



အောင် တနာရီခွဲကြာ ပွေ့ချီသယ်လာခဲ့ကြရသည်။ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၂ ရက် နောက်တနေ့တွင် အသုဘချစဉ် ခမရ ၂၁၇ မှ စစ်သားတချို့ရောက်လာပြီး မိဘများကို ယွမ် ၂၀၀ ပေးခဲ့သည်။

ဘောမ်လန်းကို သူ့ဦးလေးက မန်ရှီဆေးရုံသို့ ပို့ဆောင်ပြီး ဆရာဝန်များက သူ့ဝမ်းဗိုက်ကို ခွဲစိတ်ရမည်ဟု ပြောဆိုခဲ့သည်။ သို့သော် ဆေးရုံက ခွဲစိတ်စရိတ်ကို တင်ကြိုပေးရမည်ဟု တောင်းသည်။ ကံကောင်းထောက်မစွာပင် မန်ရှီတွင်နေထိုင်သော ဆွေမျိုးတချို့က ငွေစိုက်ထုတ်ပေးသဖြင့် ခွဲစိတ်မှု ဆောင်ရွက်နိုင်ခဲ့သည်။

နောက်ပိုင်းတွင် တိန့်ကျန်း၏ ဒူးဒဏ်ရာ ဆိုးလာသဖြင့် မန်ရှီဆေးရုံသို့ပို့ဆောင်ခဲ့သည်။ ၂၀၁၆ ခုနှစ် အောက်တိုဘာလကုန်အထိ ကလေးငယ် ၂ ဦးစလုံးသည် မန်ရှီဆေးရုံတွင် ဆေးကုသမှု ခံယူနေဆဲ ဖြစ်သည်။ လက်နက်ကြီးကျည်ကျပြီးသည့် နောက်ပိုင်းတွင် ပူဝမ်ရွာသားများသည် ၂ မိုင်ခန့်ဝေးသော တရုတ်နယ်စပ်သို့ ထွက်ပြေးတိမ်ရှောင်ခဲ့ကြသည်။ သို့သော် တရုတ်အာဏာပိုင်များက နယ်စပ်ဖြတ်ကျော်ခွင့် မပေးခဲ့ပေ။ ထို့ကြောင့် နယ်စပ်တွင် ညနေခင်းအထိနေခဲ့ပြီး ရွာသို့ ပြန်လာခဲ့ကြသည်။

ရွာသားများ၏ အဆိုအရ ရွာ၏ အနောက်ဖက် ခမရ ၂၁၇ စခန်းမှ ပစ်သော လက်နက်ကြီးဟု သိရသည်။ ထိုအဖြစ်အပျက်မတိုင်ခင် တရက်အထိ KIA နှင့် အစိုးရစစ်တပ်များ ထိုဒေသအတွင်း တိုက်ပွဲဖြစ်ပွားခဲ့သည်။

## မြေမြှုပ်မိုင်းထောင်ခြင်း

အစိုးရ စစ်တပ်က မြေမြှုပ်မိုင်းများ ထောင်ခြင်းသည် အပြစ်မဲ့ အရပ်သားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များအပေါ် ဆက်လက် အန္တရာယ်ကျရောက်စေသည်။ ၂၀၁၆ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် လယ်သမားနှစ်ဦးသည် မိုးညှင်းမြို့နယ်အတွင်းရှိ ၎င်းတို့ ကျေးရွာအနီးသစ်တောထဲ ဟင်းစားရှာနေစဉ် မြေမြှုပ်မိုင်းနင်းမိခဲ့သည်။ အသက် ၄၂ နှစ်အရွယ် လယ်သမားတစ်ဦးသည် ပွဲချင်းပြီးသေဆုံးခဲ့ပြီး တခြားသူတစ်ဦးမှာ ဒဏ်ရာရခဲ့သည်။ မိုင်းထိသူများ၏ ရွာတွင် အခြေစိုက်သော ခလရ ၃၈၄ မှ တပ်မှူး ရောက်လာပြီး မိုင်းထိသူ မိသားစုကို လျော်ကြေး ကျပ်ငါးသောင်းနှင့် ဆန်တစ်အိတ်ပေးခဲ့သည်။

## တပ်မတော်မှ ကျူးလွန်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများအား ထိထိမိမိ တရားဥပဒေအရ အရေးယူမှုကင်းမဲ့ခြင်း

KWAT ထံသို့ စစ်တပ်၏ လိင်အကြမ်းဖက်မှု ဖြစ်စဉ်အသစ်များ သတင်းပေးပြောဆိုမှုများ ရှိနေသော်လည်း ယခင်အစိုးရသက်တမ်းအတွင်း အစိုးရစစ်တပ် တပ်ဖွဲ့ဝင်များကျူးလွန်ခဲ့သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ အတွက် တရားစီရင်မှုတွင် တိုးတက်မှု တစုံတရာမရှိခဲ့ပေ။

၂၀၁၅ ခုနှစ်ဇန်နဝါရီလ ကောင်းခါးကျေးရွာမှ ကချင်ကျောင်းဆရာမနှစ်ဦးကို မုဒိမ်းကျင့်သတ်ဖြတ်ခဲ့သူသည် ယခုအချိန်အထိ လွတ်မြောက်နေဆဲဖြစ်သည်။ အဓိက သံသယရှိသူများမှာ အခင်းဖြစ်ပွားစဉ်က ထိုရွာတွင် စခန်း ထိုင်ခဲ့သော ခမရ ၅၀၃ မှစစ်သားများဖြစ်ကြောင်းနှင့် ရဲ၏ မှုခင်းစုံစမ်းမှုကို စစ်တပ်မှ တမင်သက်သက် နှောင့်ယှက်ဟန့်တားခဲ့သည်နှင့်ပတ်သက်သော သက်သေအထောက်အထားများကို မိမိတို့၏ အစီရင်ခံစာ "တရားမျှတဖို့ နှောင့်နှေးခြင်းမှာ တရားမှုကို ငြင်းပယ်ခြင်းပါ။" တွင် ဖေါ်ပြထားသည်။ ဆရာမ နှစ်ဦးကို အလုပ်ခန့်ထားသော ကချင်နှစ်ခြင်းအသင်းတော် (KBC) က ၂၀၁၅ ခုနှစ်တွင် သမ္မတဟောင်း ဦးသိန်းစိန်ထံသို့ လွတ်လပ်သော စုံစမ်းစစ်ဆေးမှုပြုလုပ်ခွင့်ပြုရန် မေတ္တာရပ်ခံ တင်ပြခဲ့သော်လည်း မည်သည့် တုန့်ပြန်မှုမှ

မရခဲ့ပေ။ ၂၀၁၆ ခုနှစ်မေလတွင် KBC ကို ရဲတပ်ဖွဲ့ဝင်များနှင့် ခမရ ၅၀၃ မှ စစ်သားများက အစည်းအဝေး ဖိတ်ကြားခဲ့သော်လည်း မေးခွန်းတစုံတရာ မေးခွင့် မရခဲ့ပေ။ ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၁၂ ရက်နေ့တွင် ရှမ်းပြည်မြောက်ပိုင်း ရဲမှူးကြီး အောင်မြတ်မိုးက မီဒီယာများအား ရဲတပ်ဖွဲ့အနေဖြင့် စစ်သား ၂၈ ယောက်ကို ၎င်းကိစ္စနှင့် ပတ်သက်၍ မေးမြန်းခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်သည်ဟု ပြောဆိုခဲ့သည်။

၂၀၁၆ ခုနှစ် ဖွန်လ ၁၉ ရက်နေ့တွင် စစ်တပ်အပေါ် တရားရေးအရ အရေးယူခြင်းမရှိသော အသက် ၇၃ နှစ် အရွယ် အဖွားအိုအား လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တစ်ခု စစ်တပ်မှကျူးလွန်ခဲ့သည်။ ၂၀၁၅ ခုနှစ် ဧပြီလတွင် ခမရ ၄၃၈ မှ အစိုးရ စစ်သားတစ်ဦးက အဖွားအိုကို မုဒိမ်းပြုကျင့်ရန် အားထုတ်ခဲ့သည်။ ကျူးလွန်သူကို ဖမ်းမိခဲ့ပြီး စစ်ခုံရုံးတင်ခဲ့သော်လည်း၊ လိင်ပိုင်းဆိုင်ရာတိုက်ခိုက်မှုကို မြင်တွေ့ခဲ့ကြသည့် မျက်မြင်သက်သေများ ရှိသည့်တိုင် ကျူးလွန်သူအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုဖြင့် အရေးယူခြင်းမရှိခဲ့ပေ။ ကျူးလွန်သူကို ပိုင်နက်ကျူးလွန်မှု၊ မူးယစ်ဆေးဝါးသုံးစွဲမှု၊ စစ်စည်းကမ်းချိုးဖောက်မှုများဖြင့် ထောင်ဒဏ် ၇ နှစ် ချမှတ်ခဲ့သည်။ ထို့ကြောင့် ဒေသခံလူမှုအသိုင်းအဝန်းခေါင်းဆောင်များက ထိုအမှုကို အရပ်သားတရားရုံးသို့ လွှဲပြောင်းရန် တွန်းအားပေးခဲ့သည်။ ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် ထိုအမှုကို မိုးမောက်တရားရုံးတွင် အမှုဖွင့်ခဲ့သည်။ သို့သော် ထိုအမှုအတွက် တာဝန်ရှိသော ဒေသခံရဲအရာရှိက တရားရုံးတော်သို့တက်ရန် ငြင်းဆန်ခဲ့သည်။ အစိုးရစစ်တပ်ထံမှ ခွင့်ပြုစာလိုအပ်သည်ဟု ထိုရဲအရာရှိက ပြောသဖြင့် အရပ်သားတရားရုံး တရားခွင် ရှေ့ဆက်မရ ဖြစ်ခဲ့သည်။

ကျူးလွန်ခံရသူ အမျိုးသမီး၏ ရှေ့နေသည် ခရိုင်တရားရုံး၊ ပြည်နယ်တရားရုံးနှင့် နေပြည်တော်အဆင့် တရားရုံးများသို့ အဆင့်လိုက် အမှုကို လက်ခံရန် စာရေးခဲ့သော်လည်း လက်မခံပယ်ချခဲ့သည်။

၂၀၁၁ ခုနှစ် အောက်တိုဘာလတွင် ခမရ ၃၂၁ မှ စစ်သားများ ဖမ်းဆီးခြင်းခံခဲ့ရသော အသက် ၂၈ နှစ်အရွယ် မိခင်ဖြစ်သူ ဆွန်လွတ်ရွယ်ဂျား ပျောက်ဆုံးမှု ငါးနှစ်ပြည့်နှစ်ပတ်လည်သည် တရားမျှတမှု မရှိ ကျော်လွန် သွားခဲ့ပြန်သည်။ သူမ ခင်ပွန်းဖြစ်သူသည် သူမ ပျောက်ဆုံးမှုတွင် တာဝန်ရှိသော စစ်သားများကို အရေးယူရန် ဥပဒေကြောင်းအရ အားထုတ်ခဲ့သော်လည်း ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် နေပြည်တော်တရားရုံးချုပ်က တရားခံစစ်တပ်ဖက် တဖက်တည်း၏ လျှောက်လွှဲချက်ကိုသာ နားထောင်ပြီး သက်သေမခိုင်လုံဟူ၍ အကြောင်းပြကာ အမှုကို ပယ်ချခဲ့သည်။

**အသေးစိတ်ထွက်ဆိုချက်များ၊ အစိုးရစစ်တပ်အရာရှိများသည် လိင်ပိုင်းဆိုင်ရာတိုက်ခိုက်မှု ပြစ်မှုအား မိုးမောက် အရပ်သားတရားရုံးသို့ လွှဲပြောင်းရန် လူမှုအသိုင်းအဝန်း၏ အားထုတ်မှုကို ဟန့်တားခြင်း။**



ဒေါ်ဖောင်ကွမ်လု

၂၀၁၅ ခုနှစ် ဧပြီလ ၁၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် ရာဇဝတ်မှုအပြီး တစ်လအကြာတွင် ဒေသခံ ဘာသာရေး ခေါင်းဆောင်မှ ထွက်ဆိုချက်ကို မှတ်တမ်းတင်ခဲ့သည်။

*ဒေါ်ဖောင်ကွမ်လု၏ ခင်ပွန်းသည် လွန်ခဲ့သော ၂ နှစ်က ကွယ်လွန်သွားခဲ့သဖြင့် အခင်းဖြစ်ပွားသည့်အချိန်အထိ ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ်၊ မြို့သစ် မြို့နယ်ခွဲ နှမ်လန်ကျေးရွာတွင် သူမတကိုယ်တည်း နေထိုင် ခဲ့သည်။ သူမတွင် ဆွေမျိုးသညာ မရှိသဖြင့် အိမ်နီးချင်းများ၊ တရွာတည်းနေ ရွာသူရွာသားများက သူမကို ဝိုင်းဝန်း စောင့်ရှောက် တာဝန်ယူပေးခဲ့ကြသည်။ လွန်ခဲ့သော ၂ နှစ်*

အတွင်း သူမခြေထောက်များ ဖေါယောင်သဖြင့် လမ်းမလျှောက်နိုင်သဖြင့် အိပ်ယာထဲတွင် အချိန်ပြည့် အနားယူရသည်။ ထို့အပြင် သူမ ကျန်းမာရေးအခြေအနေကြောင့် ညဖက်တွင်လည်း ကောင်းမွန်စွာ မအိပ်နိုင်ပေ။

၂၀၁၅ ခုနှစ် ဧပြီလ ၁၃ ရက်နေ့ နံနက် ၇ နာရီ ၄၅ မိနစ်အချိန်တွင် ဒေါ်ဖောင်ကွမ်လု၏ အိမ်နီးချင်းများ ဖြစ်သော လထော်ဂျာကိုင်နှင့် မရမ်လုနန်တို့သည် တစုံတဦးက လည်ပင်းညှစ်သံကြားရသဖြင့် သူမရှိရာသို့ ချက်ချင်းသွားကြည့်ကြသည်။ သို့သော် အိမ်တံခါး သော့ပိတ်ထားသည်ကို တွေ့ရသည်။ အိမ်အတွင်း မမြင်ရသဖြင့် လက်နိပ်ဓာတ်မီးထိုး၍ ကြည့်ခဲ့ရာ အိမ်ဝါးထရံမှတဆင့် အိမ်အတွင်းသို့ မြင်ခဲ့ရသည်။ အောက်ပိုင်းတွင် ဘောင်းဘီကို ပေါင်လယ်အထိ ဆွဲချွတ်ထားပြီး အပေါ်ပိုင်း အဝတ်အစားအပြည့် ဝတ်ထားသော အမျိုးသားတစ်ဦးကို သူတို့ တွေ့ခဲ့ရသည်။ သူ့ ကိုယ်ခန္ဓာသည် မုဒိမ်းကျင့်တော့မည့် အနေအထားတွင် ရှိနေသည်။ သူမ၏ အဝတ်အစားများကို သူမနံဘေးတွင် တွေ့ရပြီး သူမ အဝတ်မပါ ဗလာချည်းဖြစ်နေသည်။ တချိန်တည်းတွင် သူမကိုယ် လည်ပင်းညှစ်ရန် လုပ်နေသည်။ အိမ်နီးချင်းများသည် ထိုမြင်ကွင်းကို အလွန်ထိပ်လန့်သွားပြီး အိမ်နီးနားချင်းများကို အကူအညီအော်ဟစ်တောင်းခဲ့သည်။ အိမ်နီးနားချင်းများ ရောက်လာပြီး သူ့ကို အိမ်မှ ထွက်သွားခိုင်း သော်လည်း ရွာသားများ၏ စကားကို သူနားမထောင်ပေ။ အိမ်အမိုးမှတဆင့် ထွက်ပြေးရန် သူကြိုးစားခဲ့သော်လည်း သူထွက်ပြေးကာနီးတွင် ရွာသားများက သူ့ကို ဖမ်းမိခဲ့သည်။ ရှုန်းရင်း ဆံခတ်ဖြစ်သည့်အချိန်တွင် သူ၏ မေးစေ့ ဒဏ်ရာရခဲ့သည်။

ရွာသားများက သူ့ကို ဖမ်းမိပြီးနောက် ရွာအုပ်ချုပ်ရေးအိမ်သို့ ခေါ်ဆောင်သွားခဲ့သည်။ သူ့ကို ကြိုးတုတ်၍ သူမည်သည့်နေရာမှလာသည်၊ ရွာတွင် ဘာလုပ်နေသလဲ စသည့်ဖြင့် စစ်ဆေးမေးမြန်း ခဲ့သည်။ သူသည် ခလရ ၄၃၈ မှ စစ်သားဖြစ်ကြောင်းနှင့် အဖွားအို ပြုစုစောင့်ရှောက်ရန် လာခဲ့ကြောင်း ပြောသည်။

တချိန်တည်းတွင် တခြားစစ်သားတစ်ဦးသည် ထိုသူသည် ၎င်း၏ စခန်းမှ ဖြစ်နိုင်ကြောင်းနှင့် ထိုစစ်သားအကြောင်း သူ့၏ တပ်မှူးထံ သတင်းပို့ခဲ့သည်။ မိနစ်အနည်းငယ်ကြာသောအခါ ဗိုလ်ကြီးသန်းနိုင်နှင့် စစ်သား ငါးဦး (သေနတ်မပါ စစ်ယူနီဖောင်းဝတ်ထားသည်။) ရောက်လာသည်။ ဗိုလ်ကြီးသန်းနိုင်နှင့် သူ့ရဲဘော်များရောက်လာသည့်အခါတွင် တစုံတရာမေးမြန်းခြင်းမရှိပဲ "ငါ့ရဲဘော်ကို ဘယ်သူ ကြိုးချည်ထားတာလဲ။" ဟု အော်ဟစ်ခဲ့သည်။

စစ်ဗိုလ်က သူ့ရဲဘော်နှင့်ပတ်သက်ပြီး တိုင်ကြားလိုပါက သူ့တပ်ကုန်းရှိရာသို့ သွားရန်သာ အော်ဟစ် ပြောဆိုခဲ့သည်။ သူ့ရဲဘော် လုပ်ရပ်အတွက် တစုံတရာ ရှင်းပြခွင့်မပေးခဲ့ပေ။ ရွာသားများက သူ့ကို စကားပြောရန် ကြိုးစားသည်အခါ သူ့တပ်ကုန်းကိုသာ သွားရန် အမိန့်ပေးပြန်သည်။ "ခင်ဗျား ရဲဘော်ကို ကြိုးတုတ်တာ ကျုပ်တို့ပဲ၊ ခင်ဗျား တပ်ကုန်းအပေါ်တက်ပြီး ခင်ဗျားရဲဘော်ကိစ္စကို ရှင်းရမယ်ဆိုရင် ရွာအုပ်ချုပ်ရေးလာတဲ့အထိ စောင့်ပါ။ ရွာအုပ်ချုပ်ရေး မရောက်မချင်း ခင်ဗျားစခန်းကို ကျုပ်တို့ မလုပ်နိုင်ဘူး။" ဟု အစိုးရစစ်တပ် စစ်ဗိုလ်၏ အပြုအမူကြောင့် ရွာသားများက သူ့ကို ပြောဆိုခဲ့သည်။ (တပ်ရင်းအမှတ် ၄၃၈ သည် ဒေါ်ဖောင်ကွမ်လု၏ နေအိမ်မှ ပေ ၄၀၀ ခန့်သာ ဝေးသည်။)

ထိုဖြစ်ရပ်ကြောင့် အုပ်စုနှစ်ဖက်စလုံး ဒေါသထွက်၊ ငြင်းခုန်နေခဲ့သည်။ ရွာထဲက အမျိုးသားများက သူတို့ ရန်ပွဲဖြစ်နိုင်သည်ဟု ထင်သဖြင့် အမျိုးသမီးများအား ဗိုလ်ကြီးနှင့် စကားပြောခိုင်းခဲ့သည်။ "မုဒိမ်းကျင့်တဲ့သူက ကျုပ်စခန်းကဖြစ်တယ်။ ဒါကြောင့် ကျုပ်စခန်းမှာပဲ ဒီပြဿနာကိုရှင်းမယ်။" ဟု

ဗိုလ်ကြီးက အမျိုးသမီးများကို ပြောဆိုခဲ့သည်။

သို့သော် "ကျူးလွန်ခံသူဟာ အဖွားအရွယ် အရပ်သားဖြစ်ပါတယ်။ အမှုကလည်း ရွာထဲမှာ ဖြစ်ခဲ့တာပါ။ ဒါကြောင့်ရွာအုပ်ချုပ်ရေးရဲ့ ညွှန်ကြားချက်ကို ကျမတို့ လိုက်နာရမယ်။ သူ ဒီမှာ မရှိတဲ့ အတွက် ရွာအုပ်ချုပ်ရေးပြန်လာတဲ့အချိန်အထိ ရှင့်ရဲဘော်ကို ကျမတို့ ထိန်းသိမ်းထားမည်။" ဟု အမျိုးသမီးများက ဗိုလ်ကြီးဖြစ်သူကို ပြန်ပြောခဲ့သည်။

သို့သော် ဗိုလ်ကြီးက မုဒိမ်းကျင့်သူနှင့်ပတ်သက်၍ ရွာသားများ၏ မေတ္တာရပ်ခံချက်ကို နားမထောင်ပဲ ရွာအုပ်ချုပ်ရေး၏ ခွင့်ပြုချက်မပါပဲ သူ့ရဲဘော်ကို ပြန်ခေါ်သွားခဲ့သည်။

ထိုညတွင် ကျေးရွာအုပ်ချုပ်ရေး ပြန်ရောက်လာသည့် ချက်ချင်းဆိုသလို သူသည် မြို့နယ်အုပ်ချုပ်ရေး ထံသို့ အဖြစ်အပျက်ကို သတင်းပို့ခဲ့သည်။ မြို့နယ်အုပ်ချုပ်ရေးက ရဲအရာရှိတစ်ဦးထံသို့ အဖြစ် အပျက်ကို သတင်းပေးခဲ့ပြီး၊ ရွာအုပ်ချုပ်ရေးနှင့် ရွာသားများက ရဲစခန်းသို့ လိုက်သွားခဲ့ကြသည်။ ရဲအရာရှိနှင့် ရွာသားများသည် ကျူးလွန်ခံရသူ အဖွားအိုကို ဆေးဖက်ဆိုင်ရာ သက်သေထွက်ဆိုမှု ပြုလုပ်ရန် အထွေထွေ ရောဂါကုဆေးရုံသို့ ခေါ်လာခဲ့သည်။ ရဲများနှင့် ရွာသားများသည် ညသန်းခေါင်းယံအချိန်တွင် ရဲစခန်းသို့ ပြန်ရောက်လာကြပြီး ကျူးလွန်ခံရသူအဖွားအိုကို မိုးလင်း နေထွက်သည့်တိုင် စစ်ဆေးမေးမြန်းခဲ့သည်။

ရဲအရာရှိက ခလရ ၄၃၈ မှ ဗိုလ်ကြီးအား ထိုစစ်သားကို ရဲစခန်းသို့ လွှဲပြောင်းပေးရန် မေတ္တာ ရပ်ခံခဲ့သော်လည်း ဗိုလ်ကြီးက ငြင်းဆန်ခဲ့သည်။ ရဲအရာရှိက သူ့အား ခြိမ်းခြောက်သဖြင့် နောက်ဆုံးတွင် သူ့ရဲဘော်၏ ကိုယ်ပိုင်နံပါတ်နှင့် အမည်ရင်းတို့ကို ရဲအရာရှိအားပေးခဲ့သည်။ အခင်းဖြစ်ပွားစဉ်က ထိုစစ်သား ရွာသားမျာကို ပေးခဲ့သည့် ၎င်း၏ ကိုယ်ရေးအချက်အလက်သည် အမှားများ ဖြစ်သည်။

နောက်တနေ့တွင် ရွာသားများ အားလုံး အစည်းအဝေးထိုင်ခဲ့သည်။ ရွာသားအားလုံးက မုဒိမ်းကျင့်သူကို တရားဥပဒေအရ ရင်ဆိုင်ရန် ရှေ့ထွက်ခိုင်းခဲ့သည်။ မုဒိမ်းကျင့်သူ နှစ်မိနစ်ကြာမျှ ထွက်လာပြီးနောက် ပြန်ထွက်သွားခဲ့သည်။

ခလရ ၄၃၈ ကိုယ်ပိုင်အမှတ် ၁၀၉၅၇ ဗိုလ်ကြီး လွင်မောင်စိုးဆိုသူက "ကျုပ်တို့ ခင်ဗျားတို့ ရွာကိုဖြတ်ပြီး တခြားနေရာကိုသွားရတယ်။ အဲဒီလိုပဲ ခင်ဗျားတို့လည်း ခင်ဗျားတို့ စိုက်ခင်းကိုသွားဖို့ ကျုပ်တို့ စခန်းကို ဖြတ်ရတယ်။ ကျုပ်တို့ တစ်ဦးနဲ့ တစ်ဦး အမှီသဟဲ ပြုနေရတယ်။ ဒါပေမယ့် ကျုပ်တို့မှာ ပဋိပက္ခကို ဖန်တီးဖို့ အခွင့်အာဏာရှိတယ်" ဟု ကျနော်တို့ကို ခြိမ်းခြောက်ပြောဆိုခဲ့သည်။

ရွာသားများသည် ရဲစခန်းသို့သွားရောက်ပြီး ထိုစစ်သားသည် ပုဒ်မ ၄၅၆၊ ၃၇၆ (မုဒိမ်းမှု) နှင့် ၅၁၁ (ကြံစည်အားထုတ်မှု) များအပါအဝင် ဥပဒေပေါင်းများစွာကို ချိုးဖောက်နေသည်ဟု ပြောဆို တိုင်ကြားစာ ပို့ခဲ့သည်။ သို့သော် ရွာသာများက ထိုအမှုကို ပြည်သူ့တရားခွင်တွင် ဖြေရှင်းလိုသည့်တိုင် ခလရ ၄၃၈ မှ တပ်မှူးက ထိုစစ်သားကို အရပ်သားဥပဒေအောက်တွင် တရားစွဲခွင့်ပေးရန် ငြင်းဆန်ခဲ့သည်။

၂၀၁၅ ခုနှစ် မေလ ၁၃ရက်နေ့တွင် ကချင်နှစ်ခြင်းအသင်းတော် (KBC) မှ အမျိုးသမီး ကော်မတီဝင် တစ်ဦးသည် ထိုရာဇဝတ်မှုအပေါ် တရားမျှတမှု မရှိသည့်ပေါ် ဆန္ဒပြသူများ စုပေါင်း၍ အသံတိတ် လမ်းလျှောက်ဆန္ဒပြပွဲကို စီစဉ်ခဲ့သည်။

*လွန်ခဲ့သည့် ၂ နှစ်အတွင်း ကျူးလွန်ခံရသူ အဖွားအိုသည် ကိုယ်ခန္ဓာမလှုပ်နိုင်သည့် ပြဿနာ အကြီးကြီး ရှိခဲ့သည်။ မုဒိမ်းကျင့်ခံရသည့် ဖြစ်စဉ်မတိုင်ခင်သည် သူမသည် ယခု အခြေအနေထက် နေပိုကောင်းသည်ဟု ခံစားခဲ့ရသည်။ ယခင်က သူမ ခြေထောက်များ ယောင်ယမ်းနေခြင်း၊ လမ်းမလျှောက်နိုင်၊ မရွေ့နိုင်သည့်အခြေအနေကြောင့် တခြားသူများ၏ ပြုစုစောင့်ရှောက်မှုကို သူမခံယူခဲ့သည်။ သို့သော် အဖြစ်အပျက်ဖြစ်ပြီးနောက်ပိုင်းတွင် သူမသည် တခြားသူများ၏ ပြုစုစောင့်ရှောက်မှုကို မခံယူ ငြင်းဆန်ခဲ့သဖြင့် သူမ အခြေအနေ တစစယိုယွင်းလာခဲ့သည်။ မကြာသေးမီအချိန်တွင် သူမကို ပြုစုစောင့်ရှောက်ပေးသော၊ လုံခြုံမှုပေးသော တခြား အမျိုးသမီးများ နှင့်အတူ နွမ်လန် ဘုရားရှိခိုးကျောင်းတွင် နေထိုင်ရန် သဘောတူခဲ့သည်။*

# တပ်မတော်၏ ချိုးဖောက်မှုများ အသေးစိတ်စာရင်း (၂၀၁၅ ခုနှစ် နိုဝင်ဘာလ - ၂၀၁၆ ခုနှစ် အောက်တိုဘာလ)

| စဉ် | ကျူးလွန်ခံရသူ (များ) | အသက် | အခင်းဖြစ်ပွားသည့်ရက်စွဲ | အခင်းဖြစ်ပွားသည့်နေရာ | ကျူးလွန်သူ (များ) | ဖြစ်စဉ်အကျဉ်းချုပ် |
|---|---|---|---|---|---|---|
| **ညှဉ်းပန်းနှိပ်စက်မှု နှင့် မတရားချုပ်နှောင်ဖမ်းဆီးခြင်း** | | | | | | |
| ၁ | အမျိုးသား ၂ ဦး | ၅၂ | နိုဝင်ဘာ ၂၀၁၅ | ဖားကန့်မြို့၊ မိုးညှင်းခရိုင်၊ ကချင်ပြည်နယ်။ | အစိုးရစစ်တပ်မှ စစ်သားများ | လယ်သမားတစ်ဦးသည် မိတ်ဆွေတစ်ဦးနှင့် ညစာစားရင်း၊ အရက်သောက်နေစဉ် စစ်သားခြောက်ဦး အိမ်အတွင်းသို့ အတင်းဝင်ရောက်လာကာ သူ့ကို သေနတ်ဖြင့် ထုရိုက်ကန်ကြောက် ခဲ့ကြသည်။ စစ်သားများက ထိုသူနှစ်ဦးကို စခန်းသို့ ခေါ်လာခဲ့သည်။ ထို့နောက် သူတို့နှစ်ဦးကို တစ်ယောက်စီခွဲထားပြီး မျက်နှာကို အဝတ်စည်း၍ ကြိုးဖြင့်ချည်ကာ ရိုက်နှက်ခဲ့ကြသည်။ လယ်သမား အပြင်းအထန်ထိခိုက်ဒဏ်ရာရသဖြင့် စစ်သားများက သူ့ကို ဆေးရုံသို့ တင်ပေးခဲ့သည်။ နောက်ပိုင်းတွင် နှစ်ဦးစလုံးကို လွှတ်ပေးခဲ့သည်။ |
| ၂ | အမျိုးသား ၁ ဦး | ၅၈ | ၂၃ နိုဝင်ဘာ ၂၀၁၅ | အောင်သပြေရပ်ကွက်၊ မိုးညှင်းမြို့နယ်၊ မိုးညှင်းခရိုင်၊ ကချင်ပြည်နယ်။ | အစိုးရစစ်တပ်၏ အမိန့်အရ ရဲတပ်ဖွဲ့ဝင်များ | အမျိုးသားတစ်ဦး မိုးညှင်းဆေးရုံတွင် ဆေးသုကမှုခံနေစဉ် ရဲအရာရှိနှစ်ဦးက မတရားဖမ်းဆီးချုပ်နှောင်ခဲ့သည်။ အဖမ်းခံရသူသည် KIO နှင့် အဆက်အသွယ်ရှိသည်ဟု သံသယရှိသဖြင့် တပ်မတော် ဗိုလ်မှူးကြီးတဦး၏ အမိန့်ပေးမှုကြောင့် ဖမ်းဆီးခြင်း ဖြစ်သည်ဟု ရဲအရာရှိက ပြောဆိုခဲ့သည်။ ထိုသူကို ပုဒ်မ ၁၇/၁ ဖြင့် အရေးယူခဲ့ပြီး (၅) လကြာ ချုပ်နှောင်ထားခဲ့သည်။ ၂၀၁၆ ခုနှစ် မေလ ၅ ရက်နေ့တွင် ပြန်လည်လွတ်မြောက်ခဲ့သည်။ |
| ၃ | အမျိုးသား ၁ ဦး | ၂၇ | ၄ ဒီဇင်ဘာ ၂၀၁၅ | တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။ | အစိုးရစစ်တပ် စစ်သားများ | ခရစ်စမတ်ပါတီမှ ညဦးနက်အချိန် အိမ်သို့အပြန် အစိုးရ စစ်သားများ၏ ဖမ်းဆီးခြင်းခံရပြီး ဝိုင်းမော်သို့ ပို့ဆောင်ခံခဲ့ရသည်။ စစ်သားများက သူ့ကို KIA စစ်သားဖြစ်ကြောင်း အတင်းအကြပ် ဝန်ခံခိုင်းခဲ့ပြီး သူ၏ ဦးခေါင်းကို သေနတ်ဖြင့် သုံးကြိမ် ထုရိုက်ခဲ့သည်။ နောက်ပိုင်းတွင် သူသည် KIA စစ်သား ဖြစ်ကြောင်း ဝန်ခံခဲ့ရသည်။ မြစ်ကြီးနား အမှတ် (၁) ရဲစခန်းတွင် သူ့အား ထိန်းသိမ်းထားခဲ့သည်။ အမှုဆက်လက် ရင်ဆိုင်နေရဆဲဖြစ်သည်။ |

| စဉ် | ကျူးလွန်ခံရသူ (များ) | အသက် | အခင်းဖြစ်ပွားသည့်ရက်စွဲ | အခင်းဖြစ်ပွားသည့် နေရာ | ကျူးလွန်သူ (များ) | ဖြစ်စဉ်အကျဉ်းချုပ် |
|---|---|---|---|---|---|---|
| ၄ | အမျိုးသား ၁ ဦး | ၃၀ | ၂၄ ဒီဇင်ဘာ ၂၀၁၅ | ထောင်ကမ်ကျေးရွာ၊ နမ့်ခမ်မြို့နယ်၊ ရှမ်းပြည်နယ် မြောက်ပိုင်း။ | ခမရ ၂၁၇ (တပ်မ ၈၈) | ၂၀၁၄ ခုနှစ်တွင် အစိုးရစစ်တပ်နှင့် KIA အကြား ဖြစ်ပေါ်နေသော တိုက်ပွဲများကြောင့် ထောင်ကမ်ကျေးရွာမှ ရွာသားများသည် ဂလမ်းဇပ်အောင် အိုင်ဒီပီစခန်းသို့ ထွက်ပြေး တိမ်းရှောင်ခဲ့ကြသည်။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်နေ့တွင် ကျူးလွန်ခံရသူသည် ထောင်ကမ်း ကျေးရွာရှိ ၎င်း၏ အိမ်ကို ပြန်ကြည့်ရန် နှင့် အနီးနားကျေးရွာတွင် ကျင်းပသော ခရစ်စမတ်ပွဲသို့ သွားရန် ရွာသို့ ပြန်လာခဲ့သည်။ ထောင်ကမ်ရွာသို့ ညနေ ၆ နာရီတွင် သူ ရောက်ရှိခဲ့ပြီး၊ တပ်မ ၈၈ လက်အောက်ခံ ခမရ ၂၁၇ မှ စစ်သား ၁၀၀ ကျော်နှင့် ပက်ပင်း တိုးခဲ့သည်။ စစ်သားများသည် သူ့ကို ဖမ်းဆီးပြီး သူ့အား ထင်းချောင်းဖြင့် နံရိုး၊ ရင်ဘတ် နှင့် နောက်ကျောစသည့်နေရာများကို အချက်ပေါင်းများစွာ ရိုက်နက်ခဲ့သည်။ ၄ ရက်အကြာ တွင် သူ့ကို လွှတ်ပေးခဲ့သည်။ |
| ၅ | ၄၃ ဦး | ၁၉ ၊ ၃၃၊၃၉ ၊၄၄ | ၁၁ ဇန် ၂၀၁၆ | မန်လွန်ကျေးရွာ၊ မန်လွန်ကျေးရွာစု၊ သိန္နီမြို့နယ်၊ ရှမ်းပြည်နယ် မြောက်ပိုင်း။ | ခလရ ၁၁ | ဘန်ဟောက်ကျေးရွာရှိ သူငယ်ချင်းတစ်ဦးထံ သွားရောက် လည်ပတ်စဉ် လမ်းတွင် စစ်ကြောင်းလှျောက်လာသော ခလရ ၁၁ မှ စစ်သား ၁၀၀ ခန့် နှင့် ဆုံခဲ့သည်။ စစ်သားများ သည် ဘန်ဟောက်ကျေးရွာမှ ရွာသားအားလုံးနှင့် ဖြတ်သန်းသွားသူ အားလုံးကို ဖမ်းဆီး ခဲ့သည်။ စစ်သားများသည် ရွာသား ၄၃ ဦးကို မန်လွန်ကျေးရွာ ကက်သလစ် ဘုရား ကျောင်း အတွင်း ဖမ်းဆီးချုပ်နှောင်ခဲ့သည်။ ညနေစောင်းတွင် အမျိုးသမီးအားလုံးကို ပြန်လွှတ်ပေး ခဲ့သဖြင့် ဘုရားကျောင်းအတွင်း အမျိုးသား ၁၃ ဦးသာ ကျန်ခဲ့သည်။ ထို့နောက် ပြည်သူ့စစ် စခန်းအမှတ် (၄)မှ ဗိုလ်ကြီးဖြစ်သူ မစ္စတာ လူရောက်လာပြီး ဘုရားကျောင်းမှ တရုတ် အမျိုးသား ရှစ်ဦးကို ခေါ်ဆောင်သွားခဲ့သည်။ ကျန်တဲ့သူ အားလုံးကို တပ်ရင်းအမှတ် ၅၆၇ စခန်းသို့ ခေါ်ဆောင်သွားခဲ့သည်။ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် အစိုးရ စစ်တပ်က အမျိုးသားတစ်ဦးကို ပြန်လွှတ်ပေးခဲ့သည်။ ၂၀၁၆ ခုနှစ် မတ်လ ၁ ရက်နေ့တွင် မန်လွန်ကျေးရွာမှ လက်ထောက် သင်းအုပ်ဆရာက သိန္နီရဲစခန်းတွင် ကျန်ရွာသားလေးဦး ချုပ်နှောင်ထားဆဲဖြစ်ကြောင်း တခြားရွာသားများကို အသိပေးခဲ့သည်။ ထိုရွာသား လေးဦးသည် ပုဒ်မ ၁၇/၁ ဖြင့် တရားစွဲ ဆိုခံထားရသည်။ |

| စဉ် | ကျူးလွန်ခံရသူ (များ) | အသက် | အခင်းဖြစ်ပွားသည့်ရက်စွဲ | အခင်းဖြစ်ပွားသည့် နေရာ | ကျူးလွန်သူ (များ) | ဖြစ်စဉ်အကျဉ်းချုပ် |
|---|---|---|---|---|---|---|
| ၆ | အမျိုးသား ၂၂ ဦး | ၁၆၊ ၂၂ | ၉ မတ်လ ၂၀၁၆ | ခွမ်လမ်းကျေးရွာ၊ မန်ဂျီမြို့၊ တာမိုးညဲ၊ ကွတ်ခိုင်မြို့နယ်၊ ရှမ်းပြည်နယ် မြောက်ပိုင်း။ | တပ်မ ၆၆ | ကျူးလွန်ခံရသူများသည် မနွမ်ဒေသနှင့် တစ်မိုင်ခန့်ဝေးသော နေရာတွင် ထင်းခွေရန် တခြားရွာသားသုံးဦးနှင့်အတူ မနက် (၈) နာရီခန့်တွင် ခေါင်ကမ်ကျေးရွာမှ ထွက်ခွာလာခဲ့သည်။ ထိုနေရာ သို့ရောက်သည်နှင့် တပြိုင်နက် တမ်မိုရီအခြေစိုက် တပ်မ ၆၆ မှ စစ်သား ၁၀၀ ခန့်နှင့် ဆုံတွေ့ခဲ့သည်။ စစ်သားများက ကျူးလွန် ခံရသူ ၂ ဦးအား ၎င်းတို့ ရိက္ခာများကို တနေကုန် ထမ်းခိုင်းခဲ့သည်။ ည ၇ နာရီခန့်တွင် နရီကျေးရွာသို့ သူတို့ ရောက်ရှိခဲ့ပြီး သူတို့နှစ်ဦးကို တာမိုးညဲရှိ တပ်မ ၉၉ စခန်းသို့ လွှဲပြောင်း ပေးခဲ့သည်။ မနက် ၂ နာရီခန့်တွင် သူတို့ ရောက်ရှိပြီး စစ်သားများသည် သူတို့ ၂ ဦးသည် တခြား တအောင်းရွာသား ၂၀ ဦးနှင့်အတူ ညှဉ်းပန်းနှိပ်စက် စစ်ဆေးမေးမြန်းခဲ့သည်။ KIA စစ်သား၏ သားဟု စစ်သားများက ယူဆသော ရွာသားတစ်ဦးကို ဓားဖြင့် ရင်ဘတ်သို့ သုံးကြိမ် ထိုးသည့်အပြင် လည်ပင်းနှင့် ရင်ဘတ်သို့ ဓားဖြင့် လှီးခဲ့သည်။ ၎င်းတို့သည် (၈) ရက်ကြာ ထိန်းသိမ်းခံခဲ့ရပြီး တခြား တအောင်းရွာသား ၁၃ ဦးနှင့်အတူ ပြန်လည် လွတ်မြောက်လာခဲ့သည်။ |
| ၇ | ၁ ဦး | ၂၇ | ၁၃ မတ် ၂၀၁၆ | နွမ်လမ်ကျေးရွာ၊ မန်ဂျီကျေးရွာစု၊ မန့်စီ၊ ကွတ်ခိုင်မြို့နယ်၊ မြောက်ပိုင်း ရှမ်းပြည်နယ်။ | တပ်မ ၈၈ | ကျူးလွန်ခံရသူသည် ၎င်း၏ အဖိုးအဖွားများ၏ အုတ်ဂူသို့ သွားရောက် ဂါရဝပြုစဉ် တပ်မ ၈၈ မှ စစ်သား ၈၀ ခန့်နှင့် ဆုံခဲ့သည်။ အစိုးရစစ်သားများက သူ့အား KIA စစ်သားဟူ၍ မသင်္ကာဖြစ်ကာ သတိမေ့သည်အထိ ညှဉ်းပန်းနှိပ်စက်ခဲ့ပြီး တမ်မိုရီ တပ်စခန်းသို့ သူ့ကို ခေါ်ဆောင်သွားခဲ့ကြသည်။ သူ့ကို တစ်လခန့် စစ်ဆေးမေးမြန်းခဲ့ပြီး နောက် ကွတ်ခိုင် ရဲစခန်းသို့ လွှဲပြောင်းပေးခဲ့သည်။ ကွတ်ခိုင်ရဲစခန်းက သူ့မိသားစုကို သိန်း ၆၀ (အမေရိကန်ဒေါ်လာ ၆၀၀၀) ပေးက သူ့ကို ပြန်လွှတ်ပေးမည်ဟု ပြောခဲ့သည်။ မိသားစုတွင် ငွေကြေး မပြည့်စုံသဖြင့် ကျူးလွန်ခံ ရသူသည် ကွတ်ခိုင်အကျဉ်းထောင်တွင် ထိန်းသိမ်း ခံနေရဆဲဖြစ်သည်။ |

| စဉ် | ကျူးလွန်ခံရသူ (များ) | အသက် | အခင်းဖြစ်ပွားသည့်ရက်စွဲ | အခင်းဖြစ်ပွားသည့်နေရာ | ကျူးလွန်သူ (များ) | ဖြစ်စဉ်အကျဉ်းချုပ် |
|---|---|---|---|---|---|---|
| ၈ | ၂၄ ဦး | | ၁၆ မတ် ၂၀၁၆ | မန်ဂျီကျေးရွာ၊ မန်စီ၊ ကွတ်ခိုင်မြို့နယ်၊ ရှမ်းပြည်မြောက်ပိုင်း။ | တပ်မ ၆၆ နှင့် ခလရ ၄ | အသက် ၁၂ နှစ်နှင့် ၁၄ နှစ်အရွယ် ညီအစ်ကိုနှစ်ဦးသည် အိမ်တွင် အိပ်ပျော်နေစဉ် တပ်မ ၆၆ နှင့် ခလရ ၄ မှစစ်သားများ ရောက် လာပြီး ညီအစ်ကိုနှစ်ဦးကို ၎င်းတို့ဗိုလ်ကြီးနှင့် လိုက်ပါ တွေ့ဆုံ ရမည်ဟု အမိန့်ပေးခဲ့သည်။ စခန်းအတွင်းသို့ ရောက်ရှိသည့်အခါ သူတို့နှစ်ဦးအား KIA စစ်သားများ ဟုတ် မဟုတ် စစ်ဆေး မေးမြန်းခဲ့သည်။ နောက်ပိုင်းတွင် ကျေးရွာလူကြီး အပြင် ကျောင်းကော်မတီဝင်တစ်ဦးကပါ ထိုညီအစ်ကိုနှစ်ဦးသည် ကျောင်းသားများ သာဖြစ်ကြောင်း အစိုးရစစ်တပ်ဗိုလ်ကြီးကို ရှင်းပြခဲ့ကြသော်လည်း သူတို့နှစ်ဦးကို တခြား ရွာသား ၂၂ ဦးနှင့်အတူ လေးညအိပ် သုံးရက် ထိန်းသိမ်းခဲ့ကြသည်။ |
| ၉ | ၂၇ ဦး | ၂၆ | ၃ ဧပြီ ၂၀၁၆ | မန်ဂျီကျေးရွာ၊ မန်စီ၊ ကွတ်ခိုင်မြို့နယ်၊ ရှမ်းပြည်မြောက်ပိုင်း။ | အစိုးရစစ်တပ် ခမရ ၉၉ | ကျူးလွန်ခံရသူသည် ၂၀၁၆ ခုနှစ် ဧပြီလ ၃ ရက်နေ့တွင် မုံးကိုးမြို့၊ မန်ဂျီကျေးရွာမှ သူမ၏ မောင်ဖြစ်သူကို ခေါ်၍ မုံးကိုးဈေးတွင် ချထားပေးခဲ့သည်။ အိမ်အပြန်လမ်းတွင် မုံးကိုးမြို့လယ် အခြေစိုက် ခမရ ၉၉ မှ တပ်မှူးဖြစ်သူက သူမကို လမ်းတွင် တား၍ KIA နှင့် ပတ်သက်သော မေးခွန်းများစွာ မေးမြန်းခဲ့သည်။ သူမ ပြန်ဖြေသောအခါ သူမကို ပါးနှစ်ချက်ရိုက်ပြီး မုံးကိုးမြို့ အုပ်ချုပ်ရေး မှူးအိမ် အခန်းအတွင်းသို့ ခေါ်သွားခဲ့သည်။ ၎င်းတပ်မှူးသည် သူမကို အခြား ပြည်သူ ၂၆ ဦးနှင့်အတူ တညလုံး ထိန်းသိမ်း ထားခဲ့သည်။ |
| ၁၀ | အမျိုးသား ၂ ဦး | ၅၀၊၅၀ | ၂၂ ဧပြီ ၂၀၁၆ | မုံးကိုးမြို့၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ် မြောက်ပိုင်း။ | အစိုးရစစ်တပ် ခမရ ၉၉ | ၂၀၁၆ ခုနှစ် ဧပြီလ ၂၂ ရက်နေ့တွင် အမျိုးသားနှစ်ဦး စိုက်ခင်းမှ အိမ်သို့အပြန် အစိုးရစစ်တပ်စစ်သားများ နောက်မှ လိုက်လာပြီး သူတို့ ကို ရပ်တန့်ခိုင်းခဲ့သည်။ စစ်သားများသည် သူတို့နှစ်ဦးကို တပ်ရင်းစခန်းသို့ ခေါ်သွားပြီး နိုင်လွန်ကြိုးများဖြင့် ချုပ်နှောင်ကာ၊ တစ်ဦးချင်းစီ လူခွဲ၍ KIA အကြောင်း စစ်ဆေးခဲ့သည်။ ထိုသူနှစ်ဦးသည် သေနတ်ဖြင့် ထုရိုက်ခံရခြင်း၊ အကန်ခံရခြင်း၊ ဓားဖြင့် အထိုးခံရခြင်း၊ ခြေသလုံးကို ဝါးဖြင့် လှိမ့်ခြင်း စသဖြင့် ညှဉ်းပန်းနှိပ်စက်ခံခဲ့ရသည်။ နောက်တနေ့တွင် သူတို့ကို ပြန်လွှတ်ပေးခဲ့သည်။ |

| စဉ် | ကျူးလွန်ခံရသူ (များ) | အသက် | အခင်းဖြစ်ပွားသည့်ရက်စွဲ | အခင်းဖြစ်ပွားသည့်နေရာ | ကျူးလွန်သူ (များ) | ဖြစ်စဉ်အကျဉ်းချုပ် |
|---|---|---|---|---|---|---|
| ၁၁ | အမျိုးသား ၁ ဦး | ၅၁ | ၁၄ မေ ၂၀၁၆ | ဖားကန့်မြို့၊ဖားကန့်မြို့နယ်၊ မိုးညှင်းခရိုင်၊ ကချင်ပြည်နယ်။ | အစိုးရ စစ်တပ် ခမရ ၆၆ | တပ်မ ၆၆ မှ စစ်သားများသည် ကျူးလွန်ခံသူ၏ အိမ်သို့ လာရောက်၍ ၎င်းကို ဖမ်းဆီးခဲ့သည်။ KIA နှင့် ဆက်သွယ်ခြင်း၊ ဖားကန့်တွင် ပုံးခွဲခြင်း စသည့် စွဲချက်များဖြင့် ၎င်းကို စွတ်စွဲပြောဆိုခဲ့သည်။ ၎င်းသည် ကချင် ယဉ်ကျေးမှုဌာနတွင် အလုပ်လုပ်ကိုင်ပါသည်ဟု ရှင်းပြခဲ့သော်လည်း သူ့အား စစ်စခန်းသို့ ခေါ်ဆောင်သွားပြီး ညှဉ်းပန်းနှိပ်စက်ခဲ့ သည်။ ဝန်မခံပါက သတ်ပစ်မည်ဟု ပြောဆိုခဲ့သည်။ သူ့ကို မိုးရေထဲတွင် အမိုး အကာမဲ့ ချုပ်နှောင်ထားပြီး ရိုက်နှက်ကန် ကြောက်ခဲ့ကြ သည်။ ရက် ပေါင်းများစွာ ချုပ်နှောင်ခံရပြီး ပြန်လွှတ်လာသည့် အခါတွင် ထို ဒဏ်ရာများအတွက် သူသည် ဆေးကုသမှု ခံယူခဲ့ရသည်။ နောက်ပိုင်းတွင် ရဲတပ်ဖွဲ့ဝင်များက သူ့အိမ်သို့ ထပ်မံလာရောက်သဖြင့် သူ့အိမ်တွင် ဆက်နေရန် စိုးရိမ်ကြောက်ရွံ့နေသည်။ |
| ၁၂ | အမျိုးသား ၂ ဦး | ၁၉ ၊ ၂၄ | ၂၉ ဇူလိုင် ၂၀၁၆ | နပိုင်းကျေးရွာ၊ မိုးကောင်းမြို့နယ်၊ မိုးညှင်းခရိုင်၊ ကချင်ပြည်နယ်။ | အစိုးရစစ်တပ် လက်အောက်ခံ ပြည်သူ့စစ် | ကျူးလွန်ခံရသူ ၂ ဦးသည် မအူပင် ဆိုင်ကယ်ပြင်ဆိုင်မှ အပြန် တွင် အဖမ်းခံခဲ့ရသည်။ သူတို့ ၂ ဦးသည် ကျောက်စိမ်းတူးရန်အတွက် နပိုင်းကျေးရွာမှ ဖားကန့်သို့ ခရီးထွက်လာခြင်းဖြစ်သည်။ စစ်သားများက ၎င်းတို့ကို KIA နှင့် ဆက်သွယ်သည်ဟု စွတ်စွဲ ပြောဆိုခဲ့သည်။ ၎င်းတို့ ၂ ဦးကို ဖားကန့် ရဲစခန်းသို့ ဖမ်းဆီး ခေါ်ဆောင်သွားပြီး ပုဒ်မ ၁၇/၁ ဖြင့် တရားစွဲဆိုခဲ့သည်။ အချုပ်ထဲတွင် ဆက်လက်တရားရင်ဆိုင်နေရဆဲဖြစ်သည်။ |
| ၁၃ | အမျိုးသား ၆ ဦး | | ၁ သြဂုတ် ၂၀၁၆ | ရှရောခ၊ ဖားကန့်မြို့နယ်၊ မိုးညှင်းခရိုင်၊ ကချင်ပြည်နယ်။ | အစိုးရစစ်တပ် ခမရ ၄၂၄ | ကျူးလွန်ခံရသူ ၆ ဦးသည် ခမရ ၄၂၄ မှ စစ်သားများက အိမ်တွင် လာရောက်ဖမ်းဆီးခဲ့သည်။ ၎င်းတို့ကို KIA စစ်သားများဟု စွတ်စွဲဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။ ၎င်းတို့ ၆ ဦးအနက် ၃ ဦးသည် အပြင်းအထန် ထုရိုက်ခံခဲ့ရပြီး ဆေးရုံတက် ဆေးကုသမှု ခံယူခဲ့ရ သည်။ တခြား ၃ ဦးသည် ဖားကန့် ရဲစခန်းတွင် ဆက်လက် ထိန်းသိမ်း ခံထားရစဲဖြစ်ပြီး၊ တရားရင်ဆိုင်နေရစဲဖြစ်သည်။ |

| စဉ် | ကျူးလွန်ခံရသူ (များ) | အသက် | အခင်းဖြစ်ပွားသည့်ရက်စွဲ | အခင်းဖြစ်ပွားသည့်နေရာ | ကျူးလွန်သူ (များ) | ဖြစ်စဉ်အကျဉ်းချုပ် |
|---|---|---|---|---|---|---|
| ၁၄ | အမျိုးသား ၂ ဦး | ၁၉ ၊ ၂၀ | ၈ ဩဂုတ် ၂၀၁၆ | ထွယ်ဆိုင်ကျေးရွာ၊ ကာမိုင်းမြို့၊ ဖားကန့်မြို့နယ်၊ မိုးညှင်းခရိုင်၊ ကချင်ပြည်နယ်။ | အစိုးရစစ်တပ် ဒကစ ၇ | ကျူးလွန်ခံရသူများသည် ဖားကန့်မြို့နယ် ထွယ်ဆိုင်ကျေးရွာတွင် နေထိုင်သည်။ ၎င်းတို့နှစ်ဦးသည် ထွယ်ဆိုင်နှင့် ၎င်းတို့ စိုက်ခင်း အကြားတွင်ရှိသော အစိုးရစစ်တပ်စစ်ဆေးရေးဂိတ်ကို ဖြတ်သန်းစဉ် အဖမ်းခံခဲ့ရသည်။ ၎င်းတို့ကို KIA စစ်သားများဟု စွတ်စွဲ ပြောဆိုပြီး၊ မျက်နှာအဝတ်စီး၊ ကြိုးတုတ်ကာ အနီးနားရှိ အစိုးရ စစ်စခန်းရှိရာသို့ ခေါ်သွားခဲ့သည်။ စစ်သားများက ၎င်းတို့နှစ်ဦး၏ ခြေထောက်နှင့် ရင်ဘတ်ကို ကန်ကြောက်ခြင်း၊ ဦးခေါင်းကို သေနတ်ဖြင့် ရိုက် နှိပ်စက်ခဲ့ကြသည်။ ၎င်းတို့ကို သုံးရက်ကြာ ထိန်းသိမ်းခဲ့ပြီးနောက် ရွာသူကြီး နှင့် ဘုရားကျောင်းခေါင်းဆောင်များက ၎င်းတို့သည် အရပ်သားများ ဖြစ်သည်ဟု အာမခံသဖြင့် ပြန်လွှတ်ပေးခဲ့သည်။ ၎င်းတို့နှစ်ဦးစလုံး ကိုယ်တွင်းဒဏ်ရာများရရှိခဲ့သဖြင့် မြစ်ကြီးနားတွင် ဆေးကုသမှု ခံယူခဲ့ရသည်။ |
| ၁၅ | အမျိုးသား ၁ ဦး | ၃၉ | ၁၁ ဩဂုတ် ၂၀၁၆ | နပိုင်းကျေးရွာ၊ မိုးကောင်းမြို့နယ်၊ မိုးညှင်းခရိုင်၊ ကချင်ပြည်နယ်။ | အစိုးရစစ်တပ် ခမရ ၄၂၇ | ကျူးလွန်ခံရသူသည် လစာထုတ်ရန်အသွားတွင် အစိုးရစစ်သားများ ပါလာသော ထရပ်ကား ခုနစ်စီးကို တွေ့ခဲ့သည်။ အိမ်သို့ပြန်မည်ဟု ဆုံးဖြတ်လိုက်ပြီး ပြန်အလှည့်တွင် တခြားစစ်သား ငါးဦးနှင့် တွေ့ဆုံခဲ့ပြီး သူ့ကို ဗုံးလုပ်သူဟု စွတ်စွဲပြောဆိုခဲ့သည်။ ဦးခေါင်းကို သေနတ်ဖြင့် ရိုက်နှက်ကြပြီး ကြိုးတုတ်ကာ နပိုင်းကျေးရွာ ဘုန်းကြီးကျောင်းအတွင်းသို့ ခေါ်ဆောင်သွားခဲ့သည်။ သူ့ကို သုံးရက်ကြာ ထိန်းသိမ်းခဲ့သည်။ |
| ၁၆ | အမျိုးသား ၂ ဦး | - | ၂၂ ဩဂုတ် ၂၀၁၆ | မအူပင်ကျေးရွာ၊ ဖားကန့်မြို့နယ်၊ မိုးညှင်းခရိုင် ကချင်ပြည်နယ် | အစိုးရစစ်တပ် ခမရ ၄၂၄ နှင့် ဒေသခံ ပြည်သူ့စစ် | မအူပင်ရွာမှ အမျိုးသား ၂ ဦးသည် နမ်ရာချောင်းအတွင်း ငါးမျှားရန်အသွား ခမရ ၄၂၄ နှင့် ဒေသခံ ပြည်သူ့စစ်မှ စစ်သားများဖြင့် ပက်ပင်းတိုး တွေ့ဆုံခဲ့သည်။ သူတို့ကို ဖမ်းပြီး ရိုက်နှက်ခဲ့ကြသည်။ သုံးနာရီခန့်အကြာတွင် သူတို့ ထွက်ပြေး လွတ်မြောက်နိုင်ခဲ့သော်လည်း သေနတ်ဖြင့် ငါးချက် အပစ်ခံ ခဲ့ရသည်။ |

| စဉ် | ကျူးလွန်ခံရသူ (များ) | အသက် | အခင်းဖြစ်ပွားသည့်ရက်စွဲ | အခင်းဖြစ်ပွားသည့်နေရာ | ကျူးလွန်သူ (များ) | ဖြစ်စဉ်အကျဉ်းချုပ် |
|---|---|---|---|---|---|---|
| ၁၇ | အမျိုးသမီး ၁ဦး | ၃၂ | ၁၇ စက်တင်ဘာ ၂၀၁၆ | ကပ်မော်ဖွပ်ကျေးရွာ၊ ကာမိုင်းမြို့နယ်ခွဲ၊ ဖားကန့်မြို့နယ်၊ မိုးညှင်းခရိုင်၊ ကချင်ပြည်နယ်။ | အစိုးရစစ်တပ် လက်အောက်ခံ ပြည်သူ့စစ် | အိမ်မှစိုက်ခင်းသို့အသွားလမ်းတွင် အမျိုးသမီးတစ်ဦးသည် ရွာကန်အနီး ပြည်သူ့စစ်တပ်ဖွဲ့ဝင် ၁၅ ဦးဖြင့် ဆုံတွေ့ခဲ့သည်။ ပြည်သူ့စစ်များက သူမကို ဖမ်းဆီးကာ ကြိုးဖြင့် တုတ်နှောင်ခဲ့သည်။ သူမကို ပြည်သူ့စစ်များနှင့် ခပ်လှမ်းလှမ်းတွင် ချုပ်နှောင်ထားသဖြင့် ရက်အတန်ကြာသည့် အခါတွင် သူမ ထွက်ပြေး လွတ်မြောက်နိုင်ခဲ့သည်။ သူမ တောထဲတွင် နှစ်ရက်ကြာ မျက်စိလည် လမ်းပျောက်ခဲ့ပြီးမှ အိမ်သို့ ပြန်ရောက်ခဲ့သည်။ |
| ၁၈ | အမျိုးသား ၁ ဦး | ၂၅ | ၂၃ စက်တင်ဘာ ၂၀၁၆ | နမ်ယာ ကျေးရွာ၊ ကာမိုင်းမြို့နယ်ခွဲ၊ ဖားကန့်မြို့နယ်၊ မိုးညှင်းခရိုင်၊ ကချင်ပြည်နယ်။ | အစိုးရစစ်တပ် လက်အောက် ဒေသခံ ပြည်သူ့စစ် | ဒေသခံ ပြည်သူ့စစ် ခေါင်းဆောင် ဦးမျိုးမြင့်ထွန်းသည် ၎င်းနောက်လိုက်များ၏ ရွာသို့သွားစဉ် ဝတ်စုံအမဲရောင် ဝတ်စဉ်ထားသော ဆိုင်းကယ်စီးလာသည့် လူငယ်နှစ်ဦး သေနတ်ဖြင့် ပတ်ခတ်သဖြင့် လက်မောင်းနှင့် ဝမ်းဗိုက်တွင် ဒဏ်ရာရခဲ့သည်။ ကျူးလွန်ခံရသူရွာမှ ရပ်ကွက် ၂ ခုမှ လူငယ်များ အားလုံးကို လာရောက်စုဝေးရန် သူ့ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များကို အမိန့်ပေးခဲ့သည်။ ကျူးလွန်ခံရ သူသည် ထိုပြစ်ခတ်မှုတွင် မပါဝင်သော်လည်း အမဲရောင် အင်္ကျီဝတ်ဆင်ထားသဖြင့် ပြည့်သူ့စစ်ခေါင်းဆောင်က သူ့ကို ဖမ်းရန် အမိန့်ပေးခဲ့သည်။ သူ့ကို ကြိုးဖြင့်တုတ်၍ မျက်စိ၊ မေးရိုး၊ ရင်ဘတ်နှင့် မေးစေ့တို့ကို သတိမေ့သည်အထိ ရိုက်နှက် ကန်ကြောက်ခဲ့သည်။ |
| ၁၉ | အမျိုးသား ၄၃ ဦး၊ အမျိုးသမီး ၆ ဦး | | ၁၁ အောက်တိုဘာ ၂၀၁၆ | လွယ်ဂျယ်မြို့နယ် အနီး စိန်လုံးစစ်ဆေးရေးဂိတ်၊ မိုးမောက်မြို့နယ်၊ ကချင်ပြည်နယ်။ | အစိုးရစစ်တပ် ခမရ ၃၇၀ မှ စစ်သားများ | ပူတာအိုမှ အမျိုးသားနှင့် အမျိုးသမီး ၄၉ ဦးသည် ခရစ်ယာန် ဘာသာရေးခေါင်းဆောင်များက စီစဉ်ပေးသော စိုက်ပျိုးရေး သင်တန်းတက်ရန် လိုင်ဇာသို့ သွားရောက်ခဲ့ကြသည်။ သင်တန်းအပြီး လွယ်ဂျယ်မှ အပြန် စစ်ကြေးရေးဂိတ်တွင် အဖမ်းခံခဲ့ရသည်။ ၎င်းတို့ကို မိုးမောက်ထောင်တွင် ထိန်းသိမ်းထားဆဲ ဖြစ်သည်။ KIA နှင့် တရားမဝင် ဆက်သွယ်မှု ပုဒ်မ ၁၇/၁ ဖြင့် ၎င်းတို့ကို စွတ်စွဲထားသည်။ |

| စဉ် | ကျူးလွန်ခံရသူ (များ) | အသက် | အခင်းဖြစ်ပွားသည့်ရက်စွဲ | အခင်းဖြစ်ပွားသည့်နေရာ | ကျူးလွန်သူ (များ) | ဖြစ်စဉ်အကျဉ်းချုပ် |
|---|---|---|---|---|---|---|
| ၂၀ | အမျိုးသား ၂ ဦး | ၂၄၊ ၃၉ | ၁၇ အောက်တိုဘာ ၂၀၁၆ | လွိုင်ဆန်ကျေးရွာ၊ မန်စီမြို့နယ်ခွဲ၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ် မြောက်ပိုင်း။ | တပ်မ ၉၉ လက်အောက်ခံ တပ်ရင်းအမှတ် (၁၀)၊ တပ်မှူး ထွန်းထွန်း | ကျူးလွန်ခံရသူနှစ်ဦးသည် ၎င်းတို့ မိခင်နှင့်အတူ အိမ်တွင် ရှိနေစဉ် တပ်မ ၉၉ မှ စစ်သားများ ရောက်လာပြီး ၎င်းတို့ နှစ်ဦးကို တပ်စခန်းသို့ လိုက်လာခိုင်းခဲ့သည်။ ထိုအချိန်မှစ၍ မိသားစုဝင်များသည် ၎င်းတို့အကြောင်းကို ရက်သတ္တပတ် နှစ်ပတ်ကြာ စုံးစမ်း၍ မရခဲ့ပေ။ မိသားစုဝင်များ လိုက်လံရှာဖွေခဲ့ရာ နောက်ဆုံးတွင် မူဆယ်မြို့နယ်၊ မန်ဂျီရဲစခန်းတွင် ထိန်းသိမ်းခံထားရသည်ကို တွေ့ရှိခဲ့ရသည်။ |
| ၂၁ | အမျိုးသား ၂ ဦး | | ၂၃ အောက်တိုဘာ ၂၀၁၆ | လွန်ရှယမ်းကျေးရွာနှင့် နောင်ခိုင်ကျေးရွာ၊ ပူတာအိုမြို့နယ်၊ ကချင်ပြည်နယ်။ | ပူတာအိုမြို့မှ ရဲသားများ | အောက်တိုဘာလ ၂၃ ရက်နေ့တွင် ပူတာအိုမှ ရဲများက အမျိုးသား ၂ ဦးဖမ်းဆီးခဲ့သည်။ ၎င်းတို့သည် KIA စိုက်ပျိုးရေး ဌာနနှင့် အဆက်အသွယ်ရှိခြင်းကြောင့်ဟူသော အကြောင်းပြချက်ဖြင့် ဖမ်းဆီးခံရ ခြင်းဖြစ်သည်။ ၎င်းတို့ကို ပုဒ်မ ၁၇/၁ ဖြင့် ထိန်းသိမ်းခဲ့သည်။ |
| **တရားလက်လွတ်သတ်ဖြတ်မှုများ/လက်စတုံး ပျောက်ဆုံးမှု** | | | | | | |
| ၁ | အမျိုးသား ၁ ဦး | ၄၇ | ၂၁ ဒီဇင်ဘာ ၂၀၁၅ | မိုင်နောင်ကျေးရွာ၊ မိုးညှင်းမြို့နယ် ကချင်ပြည်နယ်။ | အစိုးရ စစ်သားများ | ကျူးလွန်ခံရသူသည် KIA တပ်ရင်းအမှတ် ၂၀၆ မှ တပ်ဖွဲ့ဝင် တစ်ဦးဖြစ်သည်။ သူ့စိုက်ခင်းမှ စခန်းသို့အသွားတွင် အဖမ်းခံ ခဲ့ရပြီး အစိုးရစစ်တပ်၏ ညှဉ်းပန်းနှိပ်စက်၊ သတ်ဖြတ်ခံခဲ့ရသည်။ ဇနီးသည်က သူရုပ်အလောင်းကို လမ်းနဘေး သစ်ပင် အောက်တွင် ပြန်ရှာတွေ့ခဲ့သည်။ သူ့သွားများ တချောင်းမကျန် မရှိတော့ပေ။ |

| စဉ် | ကျူးလွန်ခံရသူ (များ) | အသက် | အခင်းဖြစ်ပွားသည့်ရက်စွဲ | အခင်းဖြစ်ပွားသည့်နေရာ | ကျူးလွန်သူ (များ) | ဖြစ်စဉ်အကျဉ်းချုပ် |
|---|---|---|---|---|---|---|
| ၂ | အမျိုးသား ၁ ဦး | ၃၃ | ၇ မတ် ၂၀၁၆ | ပင်လုံကျေးရွာ၊ မန်းဂျေမြို့၊ မုန်းစီး၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်မြောက်ပိုင်း။ | အစိုးရ စစ်သားများ | ကျူးလွန်ခံရသူသည်၂၀၁၆ခုနှစ် မတ်လ ၇ရက်နေ့မနက်ပိုင်း မနက်စာစားပြီး တောသို့ ပန်းကောက်ဖို့ရန်သွားခဲ့သည်။ ညနေပိုင်းရောက်သော်လည်းအိမ်သို့ပြန်ခဲ့ခြင်းမရှိခဲ့ပါ။ ဒီနေ့ညနေပိုင်းမှာဘဲ ပင်လုံရွာထိပ်ပိုင်းတွင် ရွာသားများ သေနတ်ပစ်သံ ၃၊၄ ချက်ခန့်ကြားခဲ့သည်။ဒါကြောင့်ရွာသားများယူဆချက်က ကျူးလွန်ခံရသူတောသို့ မသွားမီရှေ့တွင် အစိုးရစစ်တပ်မှတပ်သားများဖြတ်လျှောက်သွားသည့်အတွက် စစ်တပ်မှာ ပစ်သတ်လိုက်ပြီးဖြစ်ကြောင်းယူဆလိုက်ကြသည်။ မတ်လ ၁၆ ရက်နေ့တွင် ကချင်နှစ်ခြင်းအသင်းတော် (KBC) ကော်မတီဝင် အဖွဲ့ဝင်များနှင့် ရွာသားများ ကျူးလွန်ခံရသူကို သွားရောက်ရှာဖွေခဲ့ကြသည်။ သွားရောက်ရှာဖွေရာတွင် သူတို့နှင့်ခွေးများပါသွားသည့်အတွက် အလောင်းကိုတွေ့ရှိခဲ့သည်။ ကျူးလွန်ခံရသူ၏အလောင်းကိုအသတ်ခံရသည့်နေရာတွင် တင်မြှုပ်နှံမြေချခဲ့သည်။ |
| ၃ | အမျိုးသမီး ၁ ဦး | ၅၁ | ၁၆ မတ် ၂၀၁၆ | သာဂရကျေးရွာ၊ ဝိုင်းမော်မြို့နယ်၊ ကချင်ပြည်နယ်။ | ခလရ ၃၈၁ | ကျူးလွန်ခံရသူသည် နွားကုန်သည်တစ်ဦးဖြစ်သည်။ သူမ နှင့် သူမ သူငယ်ချင်းများ မြစ်ကြီးနားသို့သွားသည့် နမ်ဆန်ယန် နှင့် ဘန်ဒေါင်းလမ်းမ ပေါ်သို့ ဖြတ်အကူးတွင် အစိုးရစစ်တပ်မှ ပစ်ခတ် ခဲ့ခြင်းဖြစ်သည်။ ကျူးလွန်ခံရသူသည် သေနတ်ထိမှန် သေဆုံးခဲ့သည်။ မိသားစုထံ သူမ၏ ရုပ်အလောင်းပြန်ပေးရန် စစ်တပ်က ငြင်းဆန်ခဲ့သည်။ သို့သော် သူမကို KIA စစ်သားဟု မသင်္ကာဖြစ်သောကြောင့် ၎င်းတို့ သေနတ်ဖြင့် ပစ်ခဲ့သည်ဟု စစ်သားများက ဝန်ခံခဲ့ပြီး မိသားစုကို ကျပ်ငွေ သုံးသိန်း (အမေရိကန်ဒေါ်လာ ၂၄၀) ပေးခဲ့သည်။ |
| ၄ | အမျိုးသမီး ၁ ဦး | ၂၂ | ၁၀ မေ ၂၀၁၆ | မိုင်ခေါင် ကျေးရွာ၊ မန်စီမြို့နယ် ကချင်ပြည်နယ်။ | ခလရ ၆၀၂ | ကျူးလွန်ခံရသူအမျိုးသမီးသည် သူမရည်းစား၊တခြား ရွာသား ၅ ဦးနှင့်အတူ မော်တော်ဆိုင်ကယ်သုံးစီးဖြင့် မိုင်ခေါင်ကျေးရွာမှ အူလန်ပါသို့ ခရီးသွားခဲ့သည်။ ခရုန်ကျေးရွာသို့ အဖြတ်တွင် အစိုးရ စစ်တပ် ခလရ ၆၀၂ ၏ ဖမ်းဆီးခြင်း ခံရသည်။ ကျူးလွန်ခံရ သူသည် ပျောက်ဆုံးနေဆဲဖြစ်သည်။ (အသက်သေဆုံးပြီဟု ယုံကြည်ရသည်။) |

| စဉ် | ကျူးလွန်ခံရသူ (များ) | အသက် | အခင်းဖြစ်ပွားသည့်ရက်စွဲ | အခင်းဖြစ်ပွားသည့်နေရာ | ကျူးလွန်သူ (များ) | ဖြစ်စဉ်အကျဉ်းချုပ် |
|---|---|---|---|---|---|---|
| ၅ | အမျိုးသား ၁ ဦး | ၁၉ | ၂၀ ဇွန် ၂၀၁၆ | ကျွန်းပင်သာရပ်ကွက်၊ မြစ်ကြီးနားမြို့ ကချင်ပြည်နယ် | အစိုးရစစ်တပ် တပ်ရင်းအမှတ် ၇၂၇ | ကျူးလွန်ခံရသူသည် မြစ်ကြီးနားတွင် နေထိုင်သော အသက် ၁၉ နှစ်အရွယ် ကွန်ပြူတာကျောင်းသားတစ်ဦးဖြစ်သည်။ တညတွင် သူသည် သူငယ်ချင်းသုံးဦးနှင့် ဆိုင်ကယ်အလည်စီးနေစဉ် အစိုးရစစ်တပ် ထောက်ပံ့ရေးနှင့် သယ်ယူပို့ဆောင်ရေးတပ်ရင်း အမှတ် ၇၂၇ မှ တပ်သား မောင်မောင် (သ/၅၁၁၅၆၈) က သေနတ်ဖြင့် ပစ်သတ်ခဲ့ခြင်းဖြစ်သည်။ ထိုအမှုသည် ယနေ့အချိန်အထိ စုံစမ်းနေဆဲဖြစ်သည်။ . |
| ၆ | အမျိုးသား ၂ ဦး | ၃၆၊၃၀ | ၁၂ ဩဂုတ် ၂၀၁၆ | စံပြရပ်ကွက်၊ ရှုဒူဇွပ်ကျေးရွာ၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။ | တပ်ရင်းအမှတ် ၂၉၇ | ကျူးလွန်ခံရ သူ၂ ဦးသည် မစ္စတာကိုဦး ကော်ဖီဆိုင်တွင် ကော်ဖီသောက်နေစဉ် အဖမ်းခံခဲ့ရသည်။ အဖမ်းခံရပြီး နောက်တနေ့တွင် မိသားစု ဝင်များနှင့် ရွာသူကြီးသည် အစိုးရစစ်တပ် တပ်ရင်းအမှတ် ၂၉၇ စခန်းသို့ လိုက်သွားပြီး ပြန်လွှတ်ပေးရန် တောင်းဆိုခဲ့သည်။ သို့သော် စစ်တပ်က ငြင်းဆန်ခဲ့သည်။ နောင်နှစ်ရက်အကြာတွင် အစိုးရစစ်တပ်မှ စစ်သားတစ်ဦးက ရွာသူကြီးဟောင်းကိုခေါ်၍ ၎င်းတို့နှစ်ဦး KIA များဖြစ်ကြောင်း ဝန်ခံထားပြီးဖြစ်သောကြောင့် ၎င်းတို့ကို သူတို့ စခန်းသို့ ပြန်ခွင့်မပြုတော့ကြောင်း ပြောဆိုခဲ့သည်။ ကျူးလွန်ခံရ သူများ မိသားစုများက ရဲစခန်းတွင် အမှုဖွင့်သော်လည်း မည်သည့် တုန့်ပြန်မှုကိုမှ မရခဲ့ပေ။ ကျူးလွန်ခံရသူ၂ဦးမှာ ယခုအချိန်အထိ ပျောက်ဆုံးနေဆဲဖြစ်သည်။ |
| ၇ | အမျိုးသား ၁ဦး | ၂၁ | ၂၃ အောက်တိုဘာ ၂၀၁၆ | မုန်းဘော်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ် မြောက်ပိုင်း | တပ်မ ၉၉ လက်အောက်ခံ ခလရ ၄၁၇ | ခလရ ၄၁၇ ယာယီစခန်းသို့ ဖြတ်လျှောက်စဉ် ထိုလူငယ် ဖမ်းဆီးခံခဲ့ရသည်။ သူ့ကို ကြိုးဖြင့်တုတ် စစ်ဆေးမေးမြန်းခဲ့သည်။ ထိုနေရာတွင် KIA နှင့် တိုက်ပွဲ ဖြစ်ခဲ့ဖူးသည်။ ထိုအချိန်မှစ၍ သူပျောက်ဆုံးသွားခဲ့သည်။ |

| စဉ် | ကျူးလွန်ခံရသူ (များ) | အသက် | အခင်းဖြစ်ပွားသည့်ရက်စွဲ | အခင်းဖြစ်ပွားသည့်နေရာ | ကျူးလွန်သူ (များ) | ဖြစ်စဉ်အကျဉ်းချုပ် |
|---|---|---|---|---|---|---|
| **အစိုးရစစ်တပ်နှင့် မြေမြှုပ်မိုင်းများကြောင့် ထိခိုက်ဒဏ်ရာ၊ သေဆုံးမှုများ** | | | | | | |
| ၁ | အမျိုးသား ၂ ဦး | ၄၂ | ၁၉ ဇူလိုင် ၂၀၁၆ | စင်ဂတ်ယန်ကျေးရွာ၊ ဆားမော်၊ မိုးညှင်းခရိုင်၊ ကချင်ပြည်နယ် | ခလရ ၃၈၃၊၃၈၄၊ ခမရ ၁၀၅ | ကျူးလွန်ခံရသူ နှစ်ဦးသည် ရွာမှ ခုနစ်မိုင်အရွာ တောထဲတွင် ဟင်းသီးဟင်းရွက်ခူးနေစဉ် မိုင်းနင်းမိခဲ့သည်။ တစ်ဦး သေဆုံးခဲ့ပြီး ကျန်တစ်ဦးသည် လက်မောင်းနှင့် ဦးခေါင်းတို့တွင် ဒဏ်ရာရ ခဲ့သည်။ အသက်သေဆုံးခဲ့သူ၏ နေအိမ်သို့ ခလရ ၃၈၄ မှ တပ်မှူးရောက်လာပြီး မိသားစုကို ကျပ်ငွေ ၅ သောင်း (အမေရိကန်ဒေါ်လာ ၄၀) နှင့် ဆန်တစ်အိတ်ပေးခဲ့သည်။ |
| ၂ | အမျိုးသား ၁ ဦး | ၇၂ | ၁၉ အောက်တိုဘာ ၂၀၁၆ | ဘရီဘရာကျေးရွာ၊ ဝိုင်းမော်မြို့နယ် | အစိုးရစစ်တပ် တပ်ရင်းအမှတ် ၃၂၁ | ကျူးလွန်ခံရသူသည် ဘရီဘရာကျေးရွာ ၎င်း၏ နေအိမ်တွင် အစိုးရစစ်သားများသေနတ်ဖြင့်ပစ်ခတ်ခြင်းကြောင့် ထိမှန်ခဲ့ရသည်။ ရွှေညောင်ပင်ရှိ ခမရ ၃၂၁ စခန်းအနီး ပေါက်ကွဲမှု နှစ်ခု အသံကိုကြားပြီးနောက် အစိုးရစစ်သားများက ရွာထဲသို့ အကြောင်းမဲ့ ပစ်ခတ်ခဲ့သည်ဟု ဒေသခံ သတင်းအရင်းအမြစ်က ပြောဆိုခဲ့သည်။ အပစ်ခံရသူသည် မေးစေ့နှင့် လည်ပင်းတို့တွင် ဒဏ်ရာထိမှန်ခဲ့သဖြင့် အစိုးရစစ်သားများက သူ့ကို မြစ်ကြီးနား စစ်ဆေးရုံသို့ ပို့ပေးခဲ့သည်။ သူ ဆေးရုံမှ ဆင်းခွင့်ရခဲ့သည်။ သို့သော် သူ့လည်ပင်းတွင် ကျည်ဆံရှိနေဆဲဖြစ်ပြီး ကျန်းမာရေး အခြေအနေသည် စိုးရိမ်ရသည့်အခြေအနေတွင် ရှိနေဆဲဖြစ်သည်။ |
| **အရပ်သားပြည်သူများနေရာသို့ လက်နက်ကြီးဖြင့် ပစ်ခတ်မှုများ။** | | | | | | |
| ၁ | မိသားစု ၂ စု | | မေ ၅ ၂၀၁၆ | နမ်မြကျေးရွာ၊ ဖားကန့် မြို့နယ်၊ မိုးညှင်းခရိုင်၊ ကချင်ပြည်နယ်။ | အစိုးရစစ်တပ် ဒကစ ၇၊၃၊ခမရ ၁၀၂၊ ခလရ ၄၇၂ | မေလ ၅ ရက်နေ့တွင် အစိုးရစစ်တပ်နှင့် KIA သည် ဖားကန့်ဒေသတွင် တိုက်ပွဲဖြစ်ခဲ့သည်။ တိုက်ပွဲကြောင့် အစိုးရ စစ်တပ်သည် နမ်မြကျေးရွာသို့ လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သဖြင့် မိသားစုနှစ်စုဆီသို့ လက်နက်ကြီးကျည် ကျခဲ့သည်။ အိမ်မွေးဝက်သုံးကောင် သေဆုံးခဲ့သည်။ အစိုးရစစ်သားများသည် နမ်မြကျေးရွာမှ ကိုက်၁ ၅၀ ခန့်အဝေး ဘုန်းကြီးကျောင်းတွင် အခြေစိုက်သည်။ |

| စဉ် | ကျူးလွန်ခံရသူ (များ) | အသက် | အခင်းဖြစ်ပွားသည့်ရက်စွဲ | အခင်းဖြစ်ပွားသည့်နေရာ | ကျူးလွန်သူ (များ) | ဖြစ်စဉ်အကျဉ်းချုပ် |
|---|---|---|---|---|---|---|
| ၂ | နိုင်ငံတွင်း အိုးအိမ်မဲ့ပြည်သူ ပေါင်း ၅၃၀၂ ဦး | | ၂၅ စက်တင်ဘာ ၂၀၁၆ | ဝေကြိုင် IDP စခန်း၊ လိုင်ဇာ၊ ဒေါ်ဖုန်းယန်မြို့နယ်ခွဲ၊ ဗန်းမော်ခရိုင်၊ ကချင်ပြည်နယ် | အစိုးရစစ်တပ် | လိုင်ဇာအနီး ဝေကြိုင် IDP စခန်းရှိ မိုင်လိုင်ဟက်ရပ်ကွက်သို့ မနက် ၅ နာရီခွဲခန့်တွင် ၈၁ မမ မော်တာ သုံးလုံးကျခဲ့သည်။ မော်တာသည် မူလတန်းကျောင်း၊ ကလေးထိန်းကျောင်းနှင့် ဘုရားကျောင်းအနီးသို့ ကျရောက်ခဲ့သည်။ |
| ၃ | ကလေး ၃ ဦး | ၄၊၂၊၃ | ၁ အောက်တိုဘာ ၂၀၁၆ | ပူဝမ်ကျေးရွာ၊ မုံးကိုးမြို့နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း။ | အစိုးရစစ်တပ် တပ်ရင်းအမှတ် ၂၁၇ | လက်နက်ကြီးကြောင့် အိမ်အပြင် ခြံထဲတွင် ကစားနေသော အသက် ၂ နှစ်အရွယ် ကလေးတစ်ဦး သေဆုံးခဲ့ပြီး၊ အသက် ၃ နှစ် နှင့် ၄ နှစ် တခြားကလေးနှစ်ဦး ဒဏ်ရာ ပြင်းပြင်းထန်ထန် ရခဲ့သည်။ အိမ်နံရံပါ ပျက်ဆီးခဲ့သည်။ |
| **လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု** | | | | | | |
| ၁ | အမျိုးသမီး ၁ ဦး | ၂၀ | ၁၀ ဇွန် ၂၀၁၆ | မြောက်ပိုင်း ဗန်းမော်မြို့၊ ကချင်ပြည်နယ်။ | ခလရ ၄၃၇ မှ စစ်သားများ | ခလရ ၄၃၇ မှ စစ်သား တစ်ဦးသည် အိမ်းဈေးဆိုင်တစ်ခုတွင် မိုးခိုနေသည်။ မိုးတိတ်သည့်အခါ သူသွားတော့မည်ဟုပြောသည်။ သို့သော် ဆိုင်ရှင်၏ အသက် ၂၀ အရွယ် သမီးဖြစ်သူအခန်းသို့ အိမ်နောက်ဖေးမှ ပတ်၍ တက်သွားသည်။ မိန်းကလေး အော်သဖြင့် စစ်သား ထွက်ပြေးသွားသည်။ အိမ်နီးချင်းများက ထိုစစ်သားကို ပိုင်းဖမ်းမိသဖြင့် ရဲစခန်းသို့ ပို့ ခဲ့သည်။ |
| **လုယက်မှု၊ ပိုင်ဆိုင်မှုပစ္စည်းများ ဖျက်ဆီးမှု၊ အိမ်မီးရှို့မှု** | | | | | | |
| ၁ | မိသားစု ၈ စု | | နိုဝင်ဘာ ၂၀၁၅ | မြောက်ပိုင်း ဗန်းမော်မြို့၊ ကချင်ပြည်နယ်။ | အစိုးရစစ်တပ်၏ ပန်ဆေး ပြည်သူ့စစ်တပ်ဖွဲ့ | ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် အစိုးရစစ်တပ်၏ ပန်ဆေး ပြည်သူ့စစ်အဖွဲ့သည် နောင်ဘက်ကျေးရွာသို့ ဝင်ရောက်စီးနင်းပြီး အိမ်ရှစ်အိမ်မှ ပစ္စည်းဥစ္စာများ ယူဆောင်သွားကြသည့်အပြင် ၎င်းတို့မလိုသော ပစ္စည်းများကို ဖျက်ဆီးခဲ့ကြသည်။ ရွာသားများ ၏ မှတ်ပုံတင်ကဒ်များ၊ အိမ်ထောင်စုစာရင်း အထောက်အထား စာရွက်စာတမ်းများနှင့် မုဆိုးမအိမ်တစ်အိမ်မှ ကျပ်ငွေ ရှစ်သောင်း ယူသွားကြသည်။ ရွာသားများက ၎င်းတို့ စိုက်ခင်းများဆီသို့ ထွက်ပြေးကြရာတွင် နောက်မှ လိုက်ပြီး စိုက်ခင်းများကို ဖျက်ဆီးကြသည်။ |

| စဉ် | ကျူးလွန်ခံရသူ (များ) | အသက် | အခင်းဖြစ်ပွားသည့်ရက်စွဲ | အခင်းဖြစ်ပွားသည့်နေရာ | ကျူးလွန်သူ (များ) | ဖြစ်စဉ်အကျဉ်းချုပ် |
|---|---|---|---|---|---|---|
| ၂ | မိသားစု ၁၂ စု | | ၁၃ ဇန်နဝါရီ ၂၀၁၆ | ဟူဘန်ကျေးရွာ၊ တာမိုးညဲမြို့ နယ်ခွဲ၊ ရှမ်းပြည်နယ်မြောက်ပိုင်း။ | တပ်မ ၉၉ နှင့် ခမရ ၂၉၀ | ဟူဘန်ကျေးရွာတွင် မိသားစု ၄၉ စုရှိသည်။ ဇန်နဝါရီလတွင် အစိုးရ စစ်တပ် တပ်မ ၉၉ မှ စစ်သားများနှင့် တမ်မိုရီအခြေစိုက် ခမရ ၂၉၀ မှ စစ်သားများနှင့် TNLA အဖွဲ့တို့သည် ရွာအနီးတွင် တိုက်ပွဲ ဖြစ်ပွားပြီး၊ ရွာအတွင်းသို့ပါ ပစ်ခတ်ခဲ့သည်။ ရွာသားများ ထွက်ပြေးကြပြီး ထိုနေရာကို တပ်မ ၉၉ ကသိမ်းပိုက်လိုက်သည်။ နောက်တဖန်ပြန်ဖြစ်သော တိုက်ပွဲအတွင်း အစိုးရစစ်တပ်က အိမ်ခြေ ၁၂ လုံးကို မီးရှို့ဖျက်ဆီးခဲ့သည်ဟု ရွာနီးစပ်ချုပ်မှ ရွာသားများမြင်တွေ့ခဲ့ကြသည်။ |
| ၃ | မိသားစု ၂ စု | | ၂၂ မေ ၂၀၁၆ | မန်ပင်းကျေးရွာ၊ ဖောင်ဆိုင်းကျေးရွာစု၊ မုံးကိုးမြို့၊ မူဆယ်မြို့နယ်။ ရှမ်းပြည်နယ်မြောက်ပိုင်း။ | အစိုးရစစ်တပ် စစ်သားများ | မေလတွင် အိမ်သားစု ၁၄ စုရှိသော မန်ပင်းကျေးရွာသို့ အစိုးရစစ်တပ်နှင့် ပြည်သူ့စစ်များ ရောက်လာသည့်အချိန်တွင် အစိုးရစစ်တပ်နှင့် KIA အကြား တိုက်ပွဲဖြစ်ပွားခဲ့သည်။ အစိုးရစစ်တပ်သည် ရွာထဲတွင် ၂ရက်ကြာ တပ်ဆွဲခဲ့သည်။ ပထမနေ့တွင် အစိုးရစစ်တပ်သည် အိမ်တစ်လုံး ပြာကြသည်အထိ မီးရှို့ခဲ့ပြီး၊ နောက်တနေ့တွင် နောက်တစ်လုံးကို မီးထပ်ရှို့ခဲ့သည်။ |
| ၄ | မိသားစု ၆၀ စု | | ၃၀ ဇူလိုင် ၂၀၁၆ | လွတ်ဂျာ ကျေးရွာ၊ ဖားကန့်မြို့နယ်၊ မိုးညှင်းခရိုင်၊ ကချင်ပြည်နယ်။ | ခမရ ၂၉ နှင့် ဒေသခံ ပြည်သူ့စစ် | ဇူလိုင်လတွင် KIA နှင့် အစိုးရစစ်တပ် နှင့် ပြည်သူ့စစ် အင်အား ၈၀၀ ခန့်သည် ဖားကန့်၊ ရှုဒူဇွပ်ဒေသ ရွှေမော်အတွင်း တိုက်ပွဲ ဖြစ်ပွားသဖြင့် လွတ်ဂျာကျေးရွာမှ လူပေါင်း တစ်ထောင်ကျော် ထွက်ပြေးခဲ့သည်။ အစိုးရစစ်တပ် ခမရ ၂၉ နှင့် ပြည်သူ့စစ်များသည် လွတ်ဂျာကျေးရွာတွင် တပ်စွဲထားပြီး အိမ်ခေါင် သွပ်မိုးအပါအဝင် ရွာသားများ၏ အိမ်များမှ ပစ္စည်းအားလုံးနီးပါးကို လုယူသွားခဲ့ကြသည်။ |
| ၅ | မိသားစု ၂ စု | | ၁၅ ဩဂုတ် ၂၀၁၆ | နမ်ယာကျေးရွာ၊ ကာမိုင်းမြို့နယ်ခွဲ၊ ဖားကန့်မြို့နယ်၊ မိုးညှင်းခရိုင်၊ ကချင်ပြည်နယ်။ | အစိုးရ စစ်တပ်၏ ဒေသခံပြည်သူ့စစ်များ | ဩဂုတ်လတွင် နမ်မြကျေးရွာအထက်ဖက်တွင် ပြည်သူ့စစ်အဖွဲ့နှင့် KIA တိုက်ပွဲဖြစ်စဉ် ပြည်သူ့စစ်တစ်ဦး ဒဏ်ရာရခဲ့သည်။ ပြည်သူ့ စစ်ခေါင်းဆောင် ဦးမျိုးမြင့်သူက ကချင်အိမ်များကို မီးရှို့ခိုင်းခဲ့သည်။ ပြည်သူ့စစ်များသည် ရွာသားနှစ်ဦး၏ အိမ်ကို မီးရှို့သော်လည်း တစ်အိမ်သာ မီးလောင်သည်။ |

ကချင်အမျိုးသမီးများအစည်းအရုံး (ထိုင်းနိုင်ငံ) (KWAT)
Email: kwat.office@gmail.com
Website: www.kachinwomen.com

နိုဝင်ဘာလ ၂၀၁၆ ခုနှစ်